ကတညုတာ ဇတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၂၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပရေး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တက်ရောက်ဆွေးနွေးမှာကြား

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအတွက် စီစဉ်ထားရှိသော အထိမ်းအမှတ် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၄

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာနိုင်ငံဆိုင်ရာဘယ်လ်ဂျီယံနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာဂျန်၊မက်သီဆန်အား ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာပီယဲ၊ဂျော(န်)၊မာရီ၊အောတွမ်း(န်)၊ဗေစန်၏ နေရာတွင် မစ္စတာ ဂျန်၊မက်သီဆန်အား ခန့်အပ်ရန် ဘယ်လ်ဂျီယံနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဂျန်၊မက်သီဆန်သည် ၁၉၅၀ပြည့်နှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ အီကန်နန်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ဂင့်တက္ကသိုလ်မှ မျက်မှောက်ခေတ်နိုင်ငံရေး သမိုင်းပညာဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၄ခုနှစ်မှစ၍ ဘယ်လ်ဂျီယံ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ အလုပ်ဝင်ရောက်ခဲ့ပြီး ဘွန်းမြို့၊ ဘာလင်မြို့နှင့် ဘဲလ်ဂရိတ်မြို့များရှိ ဘယ်လ်ဂျီယံသံရုံးများ၌ အမှုထမ်းခဲ့သည်။ ၁၉၉၆ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဘဲလ်ဂရိတ်မြို့ ဘယ်လ်ဂျီယံသံရုံး သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ဘယ်လ်ဂျီယံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နေတိုးအဖွဲ့ဆိုင်ရာ ဌာနမှူးအဖြစ်လည်းကောင်း၊ ၁၉၉၉ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ယင်းဝန်ကြီးဌာန၌ပင် နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ ဌာနကြီး၏ ခေတ္တအကြီးအကဲ အဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ယခုနှစ်အထိ တူရကီနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံ သံအမတ်ကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ဂျန်၊မက်သီဆန်သည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးငါးဦးရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်း အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များ စိစစ်ခြင်းများပြုလုပ်

ရန်ကုန် ဩဂုတ် ၂၄

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်နု၊ ဦးထွန်းရင်လော၊ ဦးယောအေးလှ၊ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ဦးမြအေး၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာဦးသိန်းဦးဘိုးစော၊ ဗိုလ်ချုပ်အောင်သိမ်းနှင့်

စာမျက်နှာ ၇ ကော်လံ ၃ ●

မြန်မာ့အလင်း

ခေါင်းကြီး
သတင်း
ဆောင်းပါး
အညွှန်း

■ ပြည်ထောင်စုကြီးအတွင်း ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများ၏ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာစွာ ဖြစ်ထွန်းနေမှုတို့ကို ပီပြင်စွာဖော်ညွှန်းပြသနိုင်မည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို နိုင်ငံတော်က တည်ဆောက်ပေးထား။

"စည်းလုံးညီညွတ်မှုအနှစ်သာရနှင့် ကြံ့ခိုင်တောင့်တင်းမှုဂုဏ်ဒြပ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီး၌ဖော်ညွှန်းပြသ" ခေါင်းကြီး (စာ-၂)

■ "နယ်စပ်ဒေသ အသီးသီး၌ အခြေခံပညာကျောင်းပေါင်းများစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။ သက်ကြီးစာမတတ်သူများအတွက်လည်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းပြန်လည်ရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိပေသည်။ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားလာစေရန်သာမက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိ"

မြင့်စိုး(နတလ)၏ **"နယ်စပ်ဒေသပညာရေးကဏ္ဍမြှင့်တင်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ဆောင်"** ဆောင်းပါး (စာ-၁၀-၁၁)

■ ၂၀၀၄ ခုနှစ် ဩဂုတ် ၂၃ ရက် တနင်္လာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၅၈ ဦးရှိပြီ။

နိုင်ငံတကာသတင်း (စာ-၄)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

စည်းလုံးညီညွတ်မှု အနှစ်သာရနှင့် ကြံ့ခိုင်တောင့်တင်းမှုဂုဏ်ဒြပ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီး၌ ဖော်ညွှန်းပြသ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူတကွ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများဖြစ်ကြသည်။ ထိုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရေမြေသဘာဝ၊ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများကို တစုတစဝေးတည်း တွေ့မြင်ခံစားရခြင်းသည် စည်းလုံးညီညွတ်မှုပြယုဂ်နှင့် သွေးရင်းသားရင်း မြန်မာဆိုသည့် ဂုဏ်ဒြပ်ကို ပိုမိုပေါ်လွင်ထင်ရှားစေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၂၂ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရန်ကုန်–သန်လျင်တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တိုးချဲ့တည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုစိတ်ဓာတ် တိုးပွားစေရေးနှင့် စပ်လျဉ်း၍ မှာကြားရာတွင်–

"ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အတွင်းဝင်ရောက်လေ့လာမိသည်နှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာများ၊ အနုပညာရပ်များကို သိမြင်ခံစားစေရပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပွားများခိုင်မာလာစေရန် စီစဉ်ဆောင်ရွက်ထားရမှာ ဖြစ်ကြောင်း"

ထည့်သွင်းမှာကြားခဲ့သည်။

ပြည်ထောင်စုကြီးအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများ၏ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပေါင်းစည်းနေထိုင်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာစွာ ဖြစ်ထွန်းနေမှုတို့ကို ပီပြင်စွာဖော်ညွှန်းပြသနိုင်မည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို နိုင်ငံတော်က တည်ဆောက်ပေးထားခြင်းဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးတွင် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့စရိုက်များအပြင် တိုင်းရင်းသားတို့၏ တစ်ဦးနှင့်တစ်ဦး ကူညီဖေးမ ရိုင်းပင်းထောက်ကူပေးမှု၊ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် ရိုးရာဓလေ့ အားကစားနည်းတစ်ရပ်ဖြစ်သော မြန်မာခြင်းဝိုင်းပုံ ရုပ်လုံးရုပ်ကြွများ ထုလုပ်ပြသရန် စီမံလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ရေမြေသဘာဝ တောတောင်များ၊ သစ်ပင်ပန်းပင်များ၊ သဘာဝသစ်တောကြီးများ မပျက်မယွင်း တည်ရှိနေမှုနှင့် မြန်မာ တိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေမှုများကိုပါ သရုပ်ဖော်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးတွင် ရခိုင်ကမ်းရိုးတန်းမှ လမုမျိုးစိတ်ဝင် အပင်များကို စိုက်ပျိုးရန် စီမံလျက်ရှိသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးအသီးသီး၏ နေထိုင်မှုဓလေ့စရိုက်ကို ဖော်ပြသည့် ရိုးရာနေအိမ်များ၊ လူမျိုးအလိုက်ဝတ်စားဆင်ယင်မှု၊ လူမျိုးအသီးသီး၏ အသုံးအဆောင်များနှင့် နေ့စဉ်သုံးပစ္စည်းများ၊ တူရိယာ ဂီတအနုပညာပစ္စည်းများပြသရန် စီစဉ်ထားသည်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ အင်းလေးကန်ပတ်ဝန်းကျင် သာယာလှပစေပြီး ကျေးငှက်များ လာရောက်နားနေရေးအတွက် သစ်ပင်များ ထပ်မံစိုက်ပျိုးရန် စီစဉ်ထားသည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကြီးတွင် တိုင်းရင်းသား လူမျိုးအသီးသီး၏ ရိုးရာယဉ်ကျေးမှုပွဲတော်များကိုလည်း အခါအားလျော်စွာ ကျင်းပပေးလျက်ရှိရာ ပွဲတော်နှင့်လိုက်ဖက်ညီသော ဒေသအထိမ်းအမှတ် ရုပ်လုံးရုပ်ကြွများဖြစ်သည့် ဖုန်ကန်ရာဇီတောင်နှင့် ကြိုးတံတား၊ ဖားကန့်ကျောက်စိမ်းတွင်း၊ ကိန္နရီ၊ ကိန္နရာရုပ်၊ ငွေတောင်ဆည်၊ နဂါးဖားဘုရား၊ ဖားစည်၊ အောက်ချင်းငှက်၊ ဝါးညှပ်အက၊ မင်းကွန်းခေါင်းလောင်း၊ ဆွမ်းအုပ်ကြီး၊ သံလွင်တံတား (မော်လမြိုင်)၊ ရှစ်သောင်းပုထိုး၊ ဆင်ဖြူအုပ်၊ ဗျာလွေ၊ ကျိုင်းတောင်းရေတံခွန်၊ ရှမ်းအိုးစည်ကြီး စသည်တို့ကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားကျေးရွာများတွင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုအနှစ်သာရ၊ ကြံ့ခိုင်တောင့်တင်းမှု ဂုဏ်ဒြပ်တို့ကို ဖော်ညွှန်းပြသနိုင်မည့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာကြီးတွင် တိုင်းရင်းသားပြည်သူများ အပန်းဖြေ အနားယူနိုင်ရန်အတွက် အေးချမ်းသာယာလှပသည့် နေရာဒေသအဖြစ် ပီပြင်စွာ ဖြစ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၅–၈–၂၀၀၄

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Introduction to Micro Finance (အိမ်တွင်းစီးပွား)
- ၅း၃၀၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၀၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၁၉)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်၊ အဆိပ်မယ်နှင့် ငါးဒေဝီ"** (အပိုင်း–၅)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထူးချွန်ဝန်ထမ်းသားသမီးနှင့် အောင်ပွဲရအားကစားသမားများအားဆုချီးမြှင့် စက်မှု(၁)ဝန်ကြီးဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံနှင့် ရုံးဌာနများမှ ဝန်ထမ်းများ၏သားသမီးများအနက် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းအသီးသီး၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သားသမီး ၆၉၈ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများ၌ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်း ခန်းမဆောင်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကား ပြောကြားပြီး သူငယ်တန်း၌ တစ်ကျောင်းလုံးတွင် ပထမရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက သူငယ်တန်းမှ နဝမတန်းအထိ တစ်ကျောင်းလုံးတွင် ပထမရရှိသူ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်၊ ငွေတံဆိပ်ရရှိကြသော အားကစားမောင်မယ် ခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၂၁ ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ကျောက်တံတားမြို့နယ်အမှတ် (၄)ရပ်ကွက် ဓမ္မာရုံတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်း အဖွင့်အမှာစကားပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် ငွေကျပ်တစ်သောင်းနှင့် အထက်အလှူရှင်များအား(၂၁)ကြိမ်မြောက် ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယခု(၂၁)ကြိမ်မြောက်တွင် ၂၀၀၃ ခုနှစ် ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလအတွင်း လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် အလှူရှင်များ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ အပေါ်ထပ် (ဓမ္မာရုံ)သို့ ကြွရောက်ကြပါရန် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်မဲမြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့စည်းဝေး

ရန်ကုန် ဩဂုတ် ၂၄

အိမ်မဲမြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက လသာမြို့နယ် ၁၉လမ်းအထက်ရှိ အသင်းဥက္ကဋ္ဌ ဦးအောင်တင်၏နေအိမ်၌ ကျင်းပသည်။

ဆုံးဖြတ်

အစည်းအဝေးတွင် အသင်း၏ပထမအကြိမ် မဟာဘုံကထိန်ကို အိမ်မဲမြို့တွင် ကျင်းပရန်၊ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အိမ်မဲမြို့နယ်မှ ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ထူးဆုများ ချီးမြှင့်ရန်၊ မြို့နယ်အကျိုးပြု ငွေပဒေသာပင် ဖွံ့ဖြိုးလာရေးအတွက် အားထည့်စည်းရုံးရန်၊ အသင်း၏နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့၌ ကျင်းပရာ၌ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲကိုပါ ပူးတွဲပြုလုပ်ရန်ဆုံးဖြတ်ကြကြောင်း သိရသည်။ **(က–ပ)**

ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခြေခံစည်းရုံးရေး(ဆင့်ပွား)သင်တန်းဖွင့်ပွဲ အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူလေးများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ရီက လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ်တစ်သိန်းကိုးသောင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုက လည်းကောင်း၊ ဦးထွန်းမြင့်(ကြက်လျှာစွန်းဒံပေါက်)က ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ မြို့နယ်စီးပွားရေး အထောက်အကူပြုစက်မှုနှင့် ကုန်သည်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစောလှဖြူက ငွေကျပ်ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်ကလက်ခံသည်။ ဆက်လက်၍ ငွေကျပ်တစ်သိန်းခွဲ တန်ဖိုးရှိ ဝတ်စုံများကို မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ရီက လက်ခံသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂၁)ဖွင့်ပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ကျန်အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို) အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

အလိုတော်ပြည့် (၁၀)ရက် ဝိပဿနာတရားစခန်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမွေ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၁၀ ရက် (ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၉ရက်)အထိ ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယျံုအရှင်ဥတ္တရ (ဓမ္မာစရိယနယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်သောဘနတို့က သတိပဋ္ဌာန် အလုပ်ပေးတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီအရောက် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၁-၅၄၅၃၃၇၊ ၀၉-၈၀-၃၀၆၆၆ နှင့် ၀၉-၅၀-၁၄၅၀၀တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ယနေ့နံနက် ၉နာရီတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်အပေါ် စွမ်းဆောင်နိုင်မှုဆုများကို ဆက်လက်ချီးမြှင့်ရာ ပထမဆုကို ပြည်နယ်ရုံး (လားရှိုး)၊ ဒုတိယဆုကို ခရိုင်ရုံး (တောင်ငူ)၊ တတိယဆုကို ခရိုင်ရုံး (လွိုင်လင်)၊ စတုတ္ထဆုကို ခရိုင်ရုံး (ပြည်)၊ ပဉ္စမဆုကို ခရိုင်ရုံး(ပခုက္ကူ) တို့အား ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ထမ်းသားသမီးများ၏ ၂၀၀၄ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရရှိခဲ့သော ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်သည်။

ထို့နောက်ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် အပ်နှင်းခြင်းခံရသူများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်ကလည်းကောင်း၊ ယာဉ်မှတ်ပုံတင်လုပ်ငန်းတွင် ဝင်ငွေအများဆုံးရှာဖွေပေးနိုင်မှုဆုများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသောင်းကလည်းကောင်း၊ ယာဉ်မောင်းလိုင်စင်လုပ်ငန်းတွင် ဝင်ငွေအများဆုံးရှာဖွေပေးနိုင်မှုဆုကို ညွှန်ကြားရေးမှူး (စီမံ) ဒုတိယဗိုလ်မှူးကြီးသိန်းဦး၊ ထရော်လာဂျီယာဉ်များတိုးမြှင့်မှတ်ပုံတင်ပေးနိုင်မှုဆုကို ညွှန်ကြားရေးမှူး (က/မ)ဒေါ်ခင်ခင်ဝင်း၊ 'သ'လိုင်စင်နှင့် 'ခ'လိုင်စင် တိုးမြှင့်ထုတ်ပေးနိုင်မှုဆုများကို ညွှန်ကြားရေးမှူး(က/ဒ) ဦးအောင်မြင့်ကလည်းကောင်း အသီးသီး ဆုများချီးမြှင့်ပြီး ၂၀၀၄ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရရှိခဲ့သော ကျောင်းသားကျောင်းသူများကို ရန်ကုန်တိုင်းဦးစီးမှူး ဦးချားလ်မာဂမ်နှင့် မန္တလေးတိုင်းမှ တိုင်းဦးစီးမှူး ဦးတင်မောင်ဆွေတို့က ဆုများကို အသီးသီးချီးမြှင့်သည်။

(သတင်းစဉ်)

ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကျင်းပမည့် Secret of Software Successခေါင်းစဉ်အမည်ဖြင့် Seminarကို ဩဂုတ် ၂၈ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် Myanmar ICT Park (Room-205)တွင် ဟောပြောမည်ဖြစ်ရာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်များနှင့်တကွ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ သို့ပါ၍ ဟောပြောပွဲ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၊ MICT Park လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၆၅၂၂၃၈ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရထား)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကြီးကြပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လသာလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဓါတ်ပုံ)**

အခမ်းအနားသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း၊အထွေထွေမန်နေဂျာ ဦးဝင်းကြည်၊ ဒုတိယအထွေထွေမန်နေဂျာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်ဘဏ်ခွဲများမှ ကြီးကြပ်ရေးမှူး သင်တန်းသား သင်တန်းသူ ၃၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ဖြစ်သည်။ **(သတင်းစဉ်)**

25-8 (03).p65 1 03/24/1905, 10:39 PM

ဩဂုတ် ၂၃ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၅၈ ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၂၃ ရက် တနင်္လာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၅၈ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၁၆ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာ လန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၈၂၀ ဖြစ်ပြီး ယင်းအနက် ၆၀၇ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အဖမ်းခံရသော ကန်သတင်းစာဆရာအား

အီရတ်လက်နက်ကိုင်အုပ်စုက ပြန်လွှတ်ပေး

ဒူဘိုင်း ဩဂုတ် ၂၃

အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့တွင် ဓားစာခံအဖြစ် အဖမ်းခံခဲ့ရသော အမေရိကန်သတင်းစာဆရာ မိုက်ကာဂါရင်းအား တနင်္ဂနွေနေ့က အီရတ်လက်နက်ကိုင် အုပ်စုတစ်စုက ပြန်လွှတ်ပေးလိုက်သည်။

မိမိအား အကာအကွယ်ပေးပြီး မိမိလွတ်မြောက်ရေးအတွက် ကြိုးပမ်းလုပ်ကိုင်ခဲ့ကြသူများအားလုံးကို မိမိ အထူးကျေးဇူးတင်ကြောင်း ဂါရင်းက အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

အကြောင်းကြား

ယနေ့ ဂါရင်းကို နာဆီရီယာရှိ ဆာဒါ၏ရုံးခန်းသို့ ခေါ်ဆောင်လာကြောင်း၊ နာဆီရီယာရှိ လူ့အခွင့်အရေး အဖွဲ့အား ဂါရင်းကိုလာရောက်လက်ခံခေါ်ယူရန် မိမိတို့ အကြောင်းကြားထားကြောင်း ဆာဒါ၏လက်ထောက်အရာရှိက အယ်လ်ဂျာဇီရာသို့ ပြောကြားသည်။

လွှတ်ပေး

မီဒီတပ်ဖွဲ့၏ အထူးဆောင်ရွက်ရေးအုပ်စုဟုဆိုသော အဆိုပါ အုပ်စုက သောကြာနေ့၌ အင်တာနက်မှ ကြေညာချက်ထုတ်ပြန်ရာ၌ အမေရိကန် သတင်းစာဆရာကို ဓားစာခံအဖြစ် ဖမ်းထားကြောင်းနှင့် စနေနေ့၌ လွှတ်ပေးမည်ဖြစ်ကြောင်း၊ အမေရိကန် အစိုးရ၏ မူဝါဒများကို ၎င်းဆန့်ကျင်ခဲ့၍ လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်မြောက်ပိုင်းမိုဆူးလ်၌ ချုံခိုတိုက်ခိုက် အင်ဒိုနီးရှားတစ်ဦးနှင့် အီရတ်နှစ်ဦးသေဆုံး

မိုဆူးလ် ဩဂုတ် ၂၃

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် တနင်္ဂနွေနေ့က ချုံခိုတိုက်ခိုက်ခံရမှုကြောင့် အင်ဒိုနီးရှား အလုပ်သမားတစ်ဦးနှင့် အီရတ်နှစ်ဦးသေဆုံးသွားပြီး ဖိလစ်ပိုင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲအဖွဲ့က ပြောကြားသည်။

တိုက်ခိုက်ခဲ့

နိုင်ငံခြားကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်သော နိုင်ငံခြားသားနှစ်ဦးသည် ၎င်းတို့၏နေရာသို့ ကားဖြင့်လာစဉ် ခုခံတိုက်ခိုက်ရေးသမားများက ကားကိုလမ်းမှဖြတ်တားခဲ့ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

သေဆုံးသူ အီရတ်နှစ်ဦးမှာ ယာဉ်မောင်းတစ်ဦးနှင့် သက်တော်စောင့်တစ်ဦးတို့ဖြစ်ကြသည်။ နိုင်ငံခြားသားကန်ထရိုက်အချို့သည် မိုဆူးလ်တွင် ခုခံတိုက်ခိုက်ရေးသမားများ၏ သတ်ဖြတ်ခြင်းခံခဲ့ကြရသည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တို့ကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကျဉ်းသားများနှိပ်စက်မှုဖြင့်တရားစွဲခံရသော အမေရိကန်တပ်ဖွဲ့ဝင်လေးဦးအား စစ်ခုံရုံး၌မစစ်ဆေးမီ ပဏာမကြားနာစစ်ဆေး

မင်ဟိမ်း (ဂျာမနီ) ဩဂုတ် ၂၃

ဂျာမနီနိုင်ငံရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ခုံရုံး၌မစစ်ဆေးမီ အီရတ်အကျဉ်းသားများအား မတရားညှဉ်းပန်း နှိပ်စက်မှုဖြင့် တရားစွဲဆိုခြင်းခံထားရသော အမေရိကန်တပ်ဖွဲ့ဝင်လေးဦးကို တနင်္လာနေ့က ပဏာမကြားနာစစ်ဆေးခဲ့သည်။

ထိုတနင်္လာနေ့က ကြားနာစစ်ဆေးခံရသူများမှာ အဘူဂါရိပ် အကျဉ်းထောင်၌ မတရားညှဉ်းပန်းနှိပ်စက်မှုကိုဦးဆောင် ကျူးလွန်သူဟု စွပ်စွဲထားသော တပ်ဖွဲ့ဝင်ချားလ်စ်ဂရာနာမီ ကန်အမ်ဘူလ် ဖြစ်ကြပြီး အိုင်ဗင်ဖရက်ဒရစ်နှင့် ဂျဗာလ်၊ ဒေးဗစ်တို့မှာ အင်္ဂါနေ့၌ အစစ်ခံကြရမည်ဖြစ်သည်။

တရားစွဲဆို

ထိုသို့အဘူဂါရိပ်အကျဉ်းထောင်၌ အကျဉ်းသားများအား မတရားနှိပ်စက်မှု နှင့်စပ်လျဉ်း၍ တပ်ဖွဲ့ဝင်ခုနစ်ဦးကို တရားစွဲဆိုထားပြီး တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သော ချရီမီစီဗစ်က မေလထဲ၌ အပြစ်ရှိကြောင်း ဝန်ခံခဲ့ရာ ၎င်းအားထောင်ဒဏ် တစ်နှစ်ချမှတ်ခဲ့သည်။ မင်ဟိမ်း၌ ကြားနာစစ်ဆေးရာတွင် အမေရိကန်စစ်ဘက်တရားသူကြီးသည် သက်သေများ၏ထွက်ဆိုချက်ကို ကြားနာခြင်း၊ အထောက်အထားသက်သေယူခြင်းတို့ကို တပ်ဖွဲ့ဝင်များအား စစ်ခုံရုံးက ကြားနာစစ်ဆေးခြင်းမပြုမီ ဆောင်ရွက်မည်ဖြစ်သည်။

ကြားနာစစ်ဆေး

လုံခြုံရေးအခြေအနေကြောင့် တရားခံရှေ့နေများက အီရတ်၌စစ်ဆေးခြင်းကိုငြင်းဆန်သဖြင့် ဂျာမနီ၌ ယခုကဲ့သို့ကြားနာစစ်ဆေးရခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အိုကီနာဝါဒေသ၌ ကန်ရဟတ်ယာဉ်များပျံသန်းမှု ဂျပန်နိုင်ငံက ဆန့်ကျင်ကန့်ကွက်

တိုကျို ဩဂုတ် ၂၃

လွန်ခဲ့သည့်သီတင်းပတ်၌ အိုကီနာဝါဒေသတွင် အမေရိကန် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာတွင် အမေရိကန်ပြည်ထောင်စုက ရှင်းလင်းချက်အပြည့်အစုံ ဖော်ပြခြင်းမရှိဘဲ ယင်းဒေသပေါ်၌ စစ်ဘက်ရဟတ်ယာဉ်များ ပျံသန်းရန်ဆုံးဖြတ်ခဲ့ခြင်းကို ဂျပန်နိုင်ငံက တနင်္ဂနွေနေ့၌ မကျေနပ်သဖြင့် ဆန့်ကျင်ကန့်ကွက်လိုက်သည်။

စီအိပ်ချ်-၅၃ဒီ အမျိုးအစား ပို့ဆောင်ရေး ရဟတ်ယာဉ်ခြောက်စင်းသည် တနင်္ဂနွေနေ့၌ အိုကီနာဝါ လေတပ်အခြေစိုက်မှ အီရတ်သို့ ဦးတည်ပြီး ထွက်ခွာပျံသန်းသွားခဲ့ကြသည်။ အလားတူ ရဟတ်ယာဉ် အမျိုးအစားတစ်စင်းမှာ ဩဂုတ်လလယ်ပိုင်း၌ အိုကီနာဝါ နိုင်ငံတကာဆိုင်ရာ တက္ကသိုလ်၏ မြေပြင်ပေါ်သို့ ပျက်ကျခဲ့ပြီး မီးလောင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ပုသိမ်–မုံရွာ(မြောက်ပိုင်း)လမ်းမကြီး ရာသီမရွေးသွားလာနိုင်ရေး သရက်ခရိုင်မင်းလှမြို့နယ်ရွှေချောင်းတံတားဖွင့်လှစ် ကျေးရွာပေါင်း ၆၁၀နှင့် ဒေသခံပြည်သူသုံးသိန်းခြောက်သောင်းကျော်အတွက်အကျိုးပြု အထက်–အောက်ဒေသထွက်ကုန်များသယ်ယူပို့ဆောင်ရေး သွက်လက်မြန်ဆန်လာစေမည်

ရန်ကုန် ဩဂုတ် ၂၄

မကွေးတိုင်း မကွေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ် ပုသိမ်–မုံရွာ(မြောက်ပိုင်း)လမ်း ရှမ်းတပ်ကြီးကျေးရွာအနီးရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်ခဲ့သော ရွှေချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ် ရွှေချောင်းတံတား ဖွင့်ပွဲအခမ်းအနားတွင် မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒေသခံများတက်ရောက်

ရွှေချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများ အင်အား ၆၀၀၀ ကျော် တက်ရောက်ကြသည်။

ရွှေချောင်းတံတား ဖွင့်ပွဲတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ရွှေချောင်းတံတားသည် ပုသိမ်–မုံရွာ(မြောက်ပိုင်း)လမ်း မင်းလှမြို့နယ် ရှမ်းတပ်ကြီးကျေးရွာအနီး ရွှေချောင်း(ပနီချောင်း)ကိုဖြတ်ပြီး တည်ဆောက်ထားသည့် တံတားဖြစ်ကြောင်း။

ယခင်က ရွှေချောင်းတံတားကို သစ်သားတိုင်နှင့် အပေါ်ထည် ဘေလီသံပေါင်အမျိုးအစား တံတားကိုပင် တည်ဆောက်ထားခဲ့သည့်အတွက် မိုးရာသီကာလမှာ ရွှေချောင်းရေဒလဟော ကျလာသည့်အခါမှာ တံတားမျောပါပျက်စီးမှုများ ရှိခဲ့ရပြီး မကြာခဏ ပြုပြင်မှုများဆောင်ရွက်ခဲ့ကြရကြောင်း၊ ခရီးသွားပြည်သူများသည်လည်း ချောင်းရေကျချိန်အထိ ညအိပ်စောင့်ဆိုင်းသွားလာရခြင်းကြောင့် ဒုက္ခများစွာ တွေ့ကြုံရကြောင်း၊ ထို့ကြောင့် ဧရာဝတီ အနောက်ခြမ်း၌ အဓိကကျသည့် ပုသိမ်–မုံရွာလမ်းမကြီး ရာသီမရွေး သွားလာနိုင်ရေးအတွက် ရွှေချောင်းတံတားကို ယခုကဲ့သို့ ကြံ့ခိုင်အားဖြည့် ကွန်ကရစ်တံတားအဖြစ် အခိုင်အမာ ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အကျိုးပြုမည်

ထိုတံတားကြီးသည် ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ် အနောက်ခြမ်းနှင့် ငဖဲမြို့နယ် တောင်ဘက်ခြမ်းတို့ အဓိကဆက်သွယ် အကျိုးပြုနေကြောင်း၊ ကံမမြို့နယ်က ၁၅၄ရွာ၊ မင်းတုန်းမြို့နယ်က ကျေးရွာပေါင်း ၁၇၈ ရွာ၊ မင်းလှမြို့နယ်က ကျေးရွာပေါင်း ၁၅၇ရွာ၊ ငဖဲမြို့နယ်က ကျေးရွာပေါင်း ၁၂၁ရွာ စုစုပေါင်း ကျေးရွာပေါင်း ၆၁၀၊ ဒေသခံပြည်သူ သုံးသိန်းခြောက်သောင်းကျော် အလွယ်တကူသွားလာရောင်းဝယ် ဖောက်ကားနိုင်အောင် အကျိုးပြုမည်ဖြစ်ကြောင်း။

ယင်းရွှေချောင်းတံတား ပြီးစီးသွားသည့်အတွက် ပုသိမ်မှ ပဒါန်း–မင်းဘူး–မုံရွာလမ်းကို သွားရောက်ရာ၌ များစွာအဆင်ပြေချောမွေ့သွားစေမည်ဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်က ထွက်ကုန်သီးနှံများ၊ ရေထွက်ပစ္စည်းများ အထက်အညာကို ပို့ဆောင်ရာတွင် ဖြစ်စေ၊ အထက်အညာဒေသက ထွက်ကုန်များကို အောက်ပြည်အောက်ရွာသို့ ပေးပို့ရာတွင်ဖြစ်စေ ပိုမိုသွက်လက် မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ခရီးသည်အတွက် သာမက ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာတွင်ပါ သွက်လက်မြန်ဆန်စေမည်ဖြစ်ကြောင်း။

ရောင်းဝယ်မှုတိုးတက်လာမည်

ထို့ပြင် ရွှေစက်တော်ဘုရားဖူး သွားလာကြသည့် ပြည်သူများသည်လည်း ရန်ကုန်၊ ပြည်မှ တစ်ဆင့် ဧရာဝတီ(နဝဒေး)တံတားကို ဖြတ်သန်းပြီး ပုသိမ်–မုံရွာလမ်းအတိုင်း မင်းတုန်း–ပဒါန်းမှတစ်ဆင့် ရွှေစက်တော်ဘုရားကို အလွယ်တကူရောက်ရှိ ဖူးမြော်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ မုံရွာ–ကလေးဝ–ကလေး–တမူးလမ်းသစ်ကြီးသည်လည်း ပြီးစီးနေပြီဖြစ်သည့်အတွက် ဤတံတားကြီးတည်ရှိသည့် ပုသိမ်–မုံရွာလမ်းမကြီးက တစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများလည်း တိုးတက်လာနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ပြည်ထောင်စုနယ်မြေဒေသအားလုံး တစ်ပြိုင်တည်းဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ဖြစ်သည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီးများဆိုင်ရာ စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်တို့ကို ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

သီးထပ်တိုးချဲ့စိုက်

မကွေးတိုင်းအတွင်းမှာပင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရွှေချောင်း တံတားအပါအဝင် ဧရာဝတီ တံတား(မကွေး)၊ အနော်ရထာတံတား စသည့် တံတားကြီး တံတားငယ်ပေါင်း ၁၁ စင်းကိုလည်းကောင်း၊ မြန်မာ့မီးရထားက မြစ်သာမြစ်ကူးတံတား၊ ဘွက်ကြီးတံတားနှင့် ယင်းချောင်းတံတားသုံးစင်းကိုလည်းကောင်း တည်ဆောက်ပေးပြီးဖြစ်၍ စုစုပေါင်းပေ ၁၈၀ အထက် တံတားပေါင်း ၁၄စင်း ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင်ဆောင်ရွက်ပေးရင်း တစ်ဖက်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်အခြေခံများကို တည်ဆောက်ပေးလျက် ရှိကြောင်း၊ မကွေးတိုင်းမှာဆိုလျှင်ဆည်တမံလုပ်ငန်းပေါင်း ၂၆ခု တည်ဆောက်ပေးပြီးဖြစ်၍ စိုက်ပျိုးမြေဧက ၁၇၆၀၀၀ ကျော်ခန့်သည် စိုက်ပျိုးရေများရရှိပြီး သီးထပ်များ တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေ ရရှိရေးနည်းလမ်းတစ်ရပ်ဖြစ်သည့်မြစ်ရေတင်လုပ်ငန်းများကိုလည်း တည်ဆောက်ပေးလျက်ရှိရာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းပေါင်း ၁၈ ခု၊ ဒီဇယ်ဆီမြစ်ရေတင်လုပ်ငန်းပေါင်း ၂၆ ခု၊ စုစုပေါင်း မြစ်ရေတင်လုပ်ငန်း၄၄ ခုတည်ဆောက်ပေးထားပြီး စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

မကွေးတိုင်းအတွင်း ပေ ၁၈၀ အထက်တံတားပေါင်း ၁၄ စင်းဆောက်လုပ်ပေးပြီး ပုသိမ်–မုံရွာလမ်းမကြီးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ကုန်စည်ရောင်းဝယ်မှုတိုးတက်နိုင်

- ❖ ရွှေချောင်းတံတားကြီးသည် ကံမမြို့နယ်က ၁၅၄ရွာ၊ မင်းတုန်းမြို့နယ်က ကျေးရွာပေါင်း ၁၇၈ရွာ၊ မင်းလှမြို့နယ်က ကျေးရွာပေါင်း ၁၅၇ရွာ၊ ငဖဲမြို့နယ်က ကျေးရွာပေါင်း ၁၂၁ရွာ စုစုပေါင်း ကျေးရွာပေါင်း ၆၁၀၊ ဒေသခံပြည်သူ သုံးသိန်းခြောက်သောင်းကျော် အလွယ်တကူသွားလာရောင်းဝယ် ဖောက်ကားနိုင်အောင် အကျိုးပြုမည်။
- ❖ ရွှေချောင်းတံတား ပြီးစီးသွားသည့်အတွက် ပုသိမ်မှ ပဒါန်း–မင်းဘူး–မုံရွာလမ်းကို သွားရောက်ရာ၌ များစွာအဆင်ပြေချောမွေ့သွားစေမည်။
- ❖ ရွှေစက်တော်ဘုရားဖူးသွားလာကြသည့် ပြည်သူများသည်လည်း ရန်ကုန်၊ ပြည်မှ တစ်ဆင့် ဧရာဝတီ (နဝဒေး)တံတားအား ဖြတ်သန်းပြီး ပုသိမ်–မုံရွာလမ်းအတိုင်း မင်းတုန်း–ပဒါန်းမှတစ်ဆင့် ရွှေစက်တော်ဘုရားကို အလွယ်တကူရောက်ရှိ ဖူးမြော်နိုင်မည်။
- ❖ ယခုအခါ မုံရွာ–ကလေးဝ–ကလေး–တမူးလမ်းသစ်ကြီးသည်လည်း ပြီးစီးနေပြီဖြစ်သည့်အတွက် ဤတံတားကြီးတည်ရှိသည့် ပုသိမ်–မုံရွာလမ်းမကြီးကတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများလည်း တိုးတက်လာနိုင်။
- ❖ မကွေးတိုင်းအတွင်းမှာပင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရွှေချောင်းတံတား အပါအဝင် ဧရာဝတီတံတား (မကွေး)၊ အနော်ရထာတံတားစသည့် တံတားကြီး တံတားငယ်ပေါင်း ၁၁ စင်းကိုလည်းကောင်း၊ မြန်မာ့မီးရထားက မြစ်သာမြစ်ကူး တံတား၊ ဘွက်ကြီးတံတားနှင့် ယင်းချောင်းတံတား သုံးစင်းကိုလည်းကောင်း တည်ဆောက်ပေးပြီးဖြစ်၍ စုစုပေါင်းပေ ၁၈၀ အထက် တံတားပေါင်း ၁၄ စင်း ဆောက်လုပ်ပေးပြီးဖြစ်။
- ❖ မကွေးတိုင်းတွင် ဆည်တမံ လုပ်ငန်းပေါင်း ၂၆ ခု တည်ဆောက်ပေးပြီးဖြစ်၍ စိုက်ပျိုးမြေဧက ၁၇၆၀၀၀ ကျော်ခန့်သည် စိုက်ပျိုးရေများရရှိပြီး သီးထပ်များ တိုးချဲ့စိုက်ပျိုးနိုင်ပြီ။
- ❖ ထို့အပြင် မကွေးတိုင်းအတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းပေါင်း ၁၈ ခု၊ ဒီဇယ်ဆီမြစ်ရေတင်လုပ်ငန်းပေါင်း ၂၆ ခု၊ စုစုပေါင်းမြစ်ရေတင်လုပ်ငန်း ၄၄ ခု တည်ဆောက်ပေးထားပြီး စိုက်ပျိုးရေပေးဝေလျက်ရှိ။

စာမျက်နှာ ၅ မှ

ဆန်စပါးမဖူလုံသည့် မကွေးတိုင်း ဆန်ဖူလုံရေးအတွက် ယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲလုပ်ကိုင်လာပြီး စပါးစိုက်ဧကများ တိုးတက်လာနေပြီဖြစ်၍ မကြာမီအချိန် နှစ်ပိုင်းကာလ၌ ဆန်ဖူလုံလာတော့မည်ဖြစ်ကြောင်း၊ အခြားဖြစ်ထွန်းသည့် ဆီထွက်သီးနှံနှင့် ဝါတို့ကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နိုင်မြဲရေး

ယင်းနောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားရာတွင် တံတားကြီးရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၌ သာမက ဒေသခံပြည်သူများပါ တာဝန်ရှိကြောင်း၊ တံတားကြီးများ၏ အဓိကရေလမ်းကြောင်းများမပြောင်းလဲစေရေးအတွက် လယ်မြေ ယာမြေများ ချောင်းအတွင်း တိုးချဲ့ခြင်းမပြုလုပ်ရန် အထူးလိုကြောင်း၊

ဝိုင်းဝန်းထိန်းသိမ်း

ရေလမ်းကြောင်း ပြောင်းလဲသွားပါက တံတားကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်းများ ရေတိုက်စားခံရပြီး တံတားကြီးများ ပျက်စီးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေနှင့် မိမိရပ်ရွာအတွင်းတွင်ရှိသည့် တံတားကြီးများကို မပျက်မစီးရအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါရန် မှာကြားလိုကြောင်း စသဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များသည် ရွှေချောင်းတံတားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ရန် တံတားမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က ရွှေချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရွှေချောင်းတံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ တံတားပေါ်မှဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ ရွှေချောင်းတံတားသည် ပုသိမ်-မုံရွာလမ်း(မြောက်ပိုင်း)မိုင်တိုင်အမှတ်(၇၉/၀)၌ တည်ရှိပြီး တံတားအရှည်မှာ ပေ ၅၀၀ ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းတစ်ဖက် သုံးပေစီရှိပြီး တံတားခံနိုင်သည့် ဝန်တန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

တံတားကိုယ်ထည်ပိုင်းကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အပေါ်ပိုင်းကို ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့ဖြင့် တည်ဆောက်ထားကာ တံတားအောက် ရေလမ်းကင်းလွတ်အမြင့်မှာ ငါးပေဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပညာရေးလုပ်ငန်းများဆန်းစစ်အကဲဖြတ်မှု ပြည်နယ်နှင့်တိုင်းအဆင့်လုပ်ငန်းဆွေးနွေးပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၄

လူတိုင်းအတွက် ပညာရေးဆိုင်ရာ နိုင်ငံအဆင့်စီမံချက်အရ ပညာရေးလုပ်ငန်းများ ဆန်းစစ်အကဲဖြတ်မှု ပြည်နယ်နှင့်တိုင်းအဆင့် လုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမှတ်(၁)အခြေခံပညာဦးစီးဌာန ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ အထူးဖိတ်ကြားထားသူများ၊ ဆွေးနွေးမည့်ပုဂ္ဂိုလ်များနှင့် ဆွေးနွေးပွဲတက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်နယ်၊ တိုင်းပညာရေးမှူးများနှင့် လက်ထောက်ပြည်နယ်၊ တိုင်းပညာရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက လူတိုင်းအတွက် ပညာရေးဆိုင်ရာ နိုင်ငံအဆင့်စီမံချက်အရ ပညာရေးလုပ်ငန်းများ ဆန်းစစ်အကဲဖြတ်မှု လုပ်ငန်းဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံအဆင့် လူတိုင်းအတွက် ပညာရေး ပေါင်းစပ်ညှိနှိုင်းရေးမှူး အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော လူတိုင်းအတွက် ပညာရေးလုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါလုပ်ငန်းဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတွင် လူတိုင်းအတွက် ပညာရေးအရေးပါပုံ၊ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကလေး သူငယ် ပြုစုစောင့်ရှောက်ရေး၊ ပညာရေး စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက် စနစ်ဖွံ့ဖြိုးရေးနှင့် လူတိုင်းအတွက် ပညာရေးမြို့နယ်အဆင့် စီမံချက်ရေးဆွဲပုံတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၂၃ ရက်က ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ တာဝန်ရှိသူများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်စာတည်းမှူးချုပ် နိုင်ငံတကာကဗျာဖတ်ပွဲမှပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏ စာတည်းမှူးချုပ် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ် ၁၆ ရက်မှ ၂၂ရက်အထိ ကျင်းပသော နိုင်ငံတကာ ကဗျာဖတ်ပွဲသို့ တက်ရောက်ခဲ့ပြီး ဩဂုတ် ၂၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ ကဗျာဖတ်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ကဗျာဆရာ ၅၄ ဦးတို့က ၎င်းတို့ကဗျာများကို မူရင်းဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် မလေးရှားနိုင်ငံ ဝန်ကြီးဌာနရုံးများ၊ တက္ကသိုလ်နှင့် စာပေအနုပညာပြန့်ပွားရေးဌာနများ၊ အစိုးရရုံးဌာနများတွင် အလှည့်ကျရွတ်ဆိုတင်ပြခဲ့ကြသည်။ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့်အတူ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့်(မောင်ဆုရှင်)လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ် ရွှေချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

အာဟာရပြည့်လျှံ ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁-၉-၂၀၀၄ မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား
ဗီတာမင်အေဆေးလုံးတိုက်ပါ။
အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန။

ရိုးရာခြင်းလုံးအားကစားတိုးတက်ရေးအလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်သို့ ရိုးရာခြင်းလုံးအားကစား တိုးတက်ရေး အလှူငွေ ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့ချုပ်နာယက ဒုတိယရဲမှူးကြီးဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (မိုးကုတ်) က ရိုးရာခြင်းလုံး ရေ့လုပ်ငန်းစဉ်များ တင်ပြသည်။ ဆက်လက်၍ အလှူရှင်များကိုယ်စား ဖြူစင်မေတ္တာဆေးတိုက် သမားတော်ကြီးအဖွဲ့ နာယက ဦးကျော်စိန်(မိုးကုတ်)က ငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခြင်းလုံးအဖွဲ့ချုပ် နာယက ဒုတိယရဲမှူးကြီးဝင်းမြင့်နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးမောင်တင့်(ရေ)တို့သို့ အလှူငွေများ ပေးအပ်ရာ သမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)ဖြူစင်မေတ္တာဆေးတိုက်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင် ဦးမိုးတင့်ဆွေတို့က ကျပ်နှစ်သိန်းစီ၊ ဒုတိယရဲမှူးကြီးဝင်းမြင့်၊ဇနီး ဒေါ်နန်းအေးငြိမ်းမိသားစု၊ ဦးသက်လွင်၊ ဦးသန့်ဇင်၊ ဦးဟုတ်ဝမ်တို့က ကျပ်တစ်သိန်းစီနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် လူငယ်အမှုဆောင်များ အပါအဝင် အလှူရှင်များက ကျပ်၁၀သိန်း ပေးအပ်လှူဒါန်းကြသည်။

(၀၄၆)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၃-၈-၂၀၀၄

ပူတာအိုမြို့

၂ ဒသမ ၃၆ လက်မ

အမ်းမြို့

၁ ဒသမ ၉၃ လက်မ

အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဦးထွန်းအောင်ချိန်တို့ စုံညီစွာတက်ရောက်ကြပြီး လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင်ဦးဆန်းထွန်းနှင့် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူးဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ခုနှစ် မေလ ၁၇ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါတင်ပြနိုင်ရန် စာတမ်းများပြုစုခြင်း၊ စိစစ်ခြင်းများပြုလုပ်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ၊ မိုးမိတ်စေတီတော်ကြီးများ (၄၄)ကြိမ်မြောက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇာပွဲတော်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိကျောင်းတိုက်ကြီးများမှ (၅၆)ကြိမ်မြောက် တိပိဋကစာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြသည့် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကဓရ အရှင်ဣန္ဒာစရိယ နှစ်ပါးအပါအဝင် စာအောင်သံဃာတော် ၃၃ပါးနှင့် ကျမ်းစွဲ ၇၇ပါးတို့၏ (၄၄)ကြိမ်မြောက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲကို စက်တင်ဘာ ၁၈ရက်မှ ၂၁ရက်ထိ ကျင်းပမည်ဖြစ်ရာ ၁၅၀၀ကျော်ရှိသော မင်းကွန်းတောင်ရိုးရှိ ပင့်သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များအား သင်္ကန်းဒွိစုံများ၊ သီလရှင်ဝတ်စုံများ၊ ဝတ္ထုငွေများ လှူဒါန်းဆက်ကပ်မည်ဖြစ်၍ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၂၄

ကယားပြည်နယ် လွိုင်ကော်မြို့ မထောကူကျေးရွာ၊ လောပိတစံပြကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ်၁၀ရက်က လောပိတ စံပြကျေးရွာတွင်ကျင်းပရာ ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူးဦးခင်ဝင်း၊ လွိုင်ကော်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းခမ်းဝင်းနှင့် လောပိတ စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဝင်းက အမှာစကား ပြောကြားသည်။ ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ ဆဲဗင်းဆေးတို့မှ ဂျာနယ်စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးလှဝင်းက လက်ခံကြောင်း သတင်းရရှိသည်။ (မြို့နယ် ပြန်/ဆက်)

စမ်းချောင်းမြို့နယ် အထက(၂) ၂၀၀၃-၂၀၀၄ခုနှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စံပယ်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေကြီးက တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မနှင်းဝင့်ဝင့်အောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပညာပါရမီကုသိုလ်တော်မင်္ဂလာရေစက်ချပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ၁၃၆၄-၆၅ခု ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာပါရမီကုသိုလ်တော်မင်္ဂလာ ရေစက်ချပွဲအခမ်းအနားကို ဩဂုတ် ၁၅ရက် မွန်းလွဲ ၁နာရီခွဲတွင် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသနှင့် မော်ကွန်းထိန်း၊ နာယက၊ ဌာနမှူး၊ ကထိကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ပြင်ပပညာရှင်ဆရာကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဝါဆိုသင်္ကန်းများကို ပင့်သံဃာတော်များအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ဒုတိယနှစ်၊ ပထမနှစ်)တို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော သံဃာတော်များအားလည်းကောင်း၊ သာသနတက္ကသီလဓမ္မာစရိယတန်း(စတုတ္ထနှစ်၊ တတိယနှစ်၊ ဒုတိယနှစ်၊ ပထမနှစ်) များတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အရှင်သူမြတ်တို့အားလည်းကောင်း၊ ပါဠိဘာသာထူးချွန်ဆု(သီးသန့်)နှင့် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ သံဃာတော်နှစ်ပါး၊ ပိဋကတ်ဆိုင်ရာ မြန်မာစာပေဘာသာရပ်ထူးချွန်ဆုရ သံဃာတော်ခြောက်ပါးတို့အားလည်းကောင်း၊ ဆုရရှိသော သံဃာတော်များအားလည်းကောင်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော်နှင့် မော်ကွန်းထိန်း၊ နာယက၊ ဌာနမှူး ကထိကများက ဆုများကို အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒေါက်တာဦးကောဝိဒ၏ကိုယ်စား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ပညာရှင်ဆရာကြီးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ရွှေလီတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးသရုပ်ဖော်အစီအစဉ်
- ၁၆:၅၀ ၅။ တေးဂီတအစီအစဉ်
- ၁၇:၀၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) (ရူပဗေဒ)
- ၁၇:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇:၃၀ ၈။ အကပြိုင်ပွဲ
- ၁၇:၃၅ ၉။ သီချင်းကြီးပဒေသာ
- ၁၇:၅၀ ၁၀။ သင်ပုန်းရေလှောင်တမံ
- ၁၈:၀၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈:၁၀ ၁၂။ Dicovery
- ၁၈:၁၅ ၁၃။ မှုဟန်သွယ်သွယ် ဆိုကြမယ်
- ၁၈:၃၀ ၁၄။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၇။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
- ၁၉:၃၅ ၁၈။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ)

"မဟာဇနက္က ဇာတ်တော်ကြီး" (တတိယဆု)(ဧရာဝတီတိုင်း)

ဘင်္ဂလားပင်လယ်အော် မုတ်သုံလေအားအသင့်အတင့်

ရန်ကုန် ဩဂုတ် ၂၄

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအား အသင့်အတင့်ရှိနေကြောင်း သိရသည်။

ဩဂုတ်၂၅ရက်ညနေအထိ ခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မဒေါက်မြို့ စိုးရိမ်ရေမှတ် ဆက်လက်ကျဆင်းနေ

ရန်ကုန် ဩဂုတ် ၂၄

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၅၄စင်တီမီတာ (၂ပေခန့်) စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ရက်က အထက(၁) သာကေတ မြဝတီဆောင်ခန်းမ၌ကျင်းပရာ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်အောင်လွင်က ကျောင်းသားကျောင်းသူများအား ရှင်းလင်းဟောပြောစဉ်။ (၂၅၈)

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာဌာနကထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၉)ကိုဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်၊ လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ ဦးတင်ရှိန်၊ တက္ကသိုလ်သခ်၊ မောင်မောင်အုန်း (လယ်ဝေး)၊ သိပ္ပံစိုးမြင့်နိုင်၊ ကြည်လင်း(ဆေး)၊ ဓာတ်ပုံမောင်မောင်အေး၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မောင်ပညာကျော်၊ စန်းနီလာဝင်း၊ မောင်မိဒီယာ၊ ဖြူမာသန့်တို့၏ မှတ်ဖွယ်မှတ်ရာဆောင်းပါးများ၊ ရွှေညာမောင်ကြီး၏ တွဲလက်မြဲခိုင်တို့ကြံ့ခိုင် ကဗျာ၊ ပြည်နယ်၊တိုင်း၊ခရိုင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒွါဒသမအကြိမ်မြောက် ဆို၊က၊ရေး၊တီး ပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ စစ်ဒေသမှူးများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာရှင်ကြီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင်များ၊ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ဖျော်ဖြေ

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်များကိုကျင်းပရာ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့မှ ရွှေတံဆိပ်ဆုရှင်များ၊ အနုပညာရှင်များက အတီး၊အမှုတ်၊အဆို၊အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသားကျောင်းသူကလေးများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်အဆင့် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကို ဩဂုတ် ၂၄ရက်နှင့် ၂၅ရက်တို့တွင် အလုံမြို့နယ်အတွင်း၌ ဘာသာရပ်အလိုက် ခြောက်နေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၃၂ ဦး၊ ဝါသနာရှင်အဆင့် ၁၃၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံးစွဲနေသောသမားရိုးကျစနစ်မှ သဘာဝဓာတ်ငွေ့သုံး စနစ်သို့ ကူးပြောင်းထားသည့် မော်တော်ယာဉ်များ အခြေအနေကို ယခုလ ၁၁ ရက်တွင် မိမိတို့ကြည့်ရှုလေ့လာ ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း။

ပိုမိုတိုးချဲ့ထုတ်လုပ်လာနိုင်

ယနေ့ညှိနှိုင်းအစည်းအဝေး၌ ဓာတ်ဆီအင်ဂျင်နှင့် ဒီဇယ်အင်ဂျင်တို့ကို သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် တိုးချဲ့ပြောင်းလဲရေးအတွက် အသေးစိတ် ညှိနှိုင်းသွားကြရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဓာတ်ဆီ၊ ဒီဇယ်ဆီစသည့် စက်မောင်းဆီများ ပြည်တွင်း၌ လုံလောက်မှုမရှိသဖြင့် နှစ်စဉ်ပြည်ပမှ ဝယ်ယူတင်သွင်း ဖြည့်ဆည်းနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းသည် အဆမတန်မြင့်မားလာနေသည်ဖြစ်ရာ မိမိတို့၏ စက်မောင်းဆီသုံးစွဲမှုပုံစံကို ပြန်လည်စိစစ်ပြောင်းလဲရန် လိုအပ်လာကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ကုန်းတွင်း၌လည်း သဘာဝဓာတ်ငွေ့များကို ပိုမိုတိုးချဲ့ထုတ်လုပ်လာနိုင်သည့် အခြေအနေကောင်းများဖြစ်ပေါ်လာကြောင်း။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၁၉၈၆ခုနှစ်မှစ၍ သဘာဝဓာတ်ငွေ့ (CNG)သုံးမော်တော်ယာဉ်များကို စမ်းသပ်တီထွင်သုံးစွဲခဲ့ရာ ယခုအခါ အင်းစိန်၊ မှော်ဘီ၊ ရေနံချောင်း၊ မင်းဘူးဒေသတို့၌ မော်တော်ယာဉ်၅၈၇ စီးရှိနေပြီဖြစ်ရာ အသစ်အဆန်းမဟုတ်တော့ဘဲ အောင်မြင်နေသည့်ပြောင်းလဲသုံးစွဲမှုတစ်ရပ်ဖြစ်ကြောင်း။

ထို့ပြင် သဘာဝဓာတ်ငွေ့(CNG) အစားထိုးသုံးစွဲခြင်းကြောင့် ပြည်တွင်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိခြင်း၊ ဓာတ်ဆီ၊ဒီဇယ်ဆီ ချွေတာနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ ဈေးနှုန်း သက်သာသဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ပူးပေါင်းလုပ်ကိုင်

ထို့ကြောင့် စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း၍ ခရီးသည်တင် ဘတ်စ်ကားများ၊ ကုန်တင်ကားများကို သဘာဝဓာတ်ငွေ့သုံး မော်တော်ကားများအဖြစ် တိုးချဲ့ပြောင်းလဲသွားကြရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များကလည်း မိမိတို့စက်မှုဇုန်အလိုက် ဓာတ်ဆီအင်ဂျင်၊ ဒီဇယ်အင်ဂျင်တို့ကို သဘာဝဓာတ်ငွေ့သုံး အင်ဂျင်အဖြစ် ပြောင်းလဲသုံးစွဲနိုင်သည့် နည်းပညာများကို လေ့လာဆည်းပူးပြီး ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့ခေတ်မီနိုင်ငံများ၌ပင် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များကို တိုးချဲ့အသုံးပြုနေသည်ကို မြင်တွေ့နေရပြီဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေအရ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး မော်တော်ယာဉ်များကို (CNG)သုံး မော်တော်ယာဉ်များအဖြစ် တိုးချဲ့ပြောင်းလဲတပ်ဆင် အသုံးပြုသွားကြရန် သင့်မြတ်နေပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များနှင့် မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်အဖြစ် ပြောင်းလဲနိုင်ရေးအတွက် ပြည်တွင်းမှ ဝယ်ယူရရှိမည့်ပစ္စည်းအမျိုးအစား၊ ပြည်ပမှဝယ်ယူတင်သွင်းရမည့် ပစ္စည်းအမျိုးအစားများကိုလည်းကောင်း၊ လစဉ်ပြောင်းလဲတပ်ဆင်နိုင်မည့် မော်တော်ယာဉ်စီးရေကိုလည်းကောင်း၊ ဝန်ကြီးဌာန အချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရန်ကုန်မြို့တွင်း၌ ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းများရှိ မော်တော်ယာဉ်များကို ဓာတ်ဆီ၊ဒီဇယ်ဆီဖြန့်ဖြူးရောင်းချနေသည့် ပမာဏ၊ ယင်းယာဉ်များ၌ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်နိုင်ပါက ခေါက်ရေအပေါ် သဘာဝဓာတ်ငွေ့ကန့်သတ်ရောင်းချခြင်းမျိုး မရှိသဖြင့် ခေါက်ရေပိုမိုပြေးဆွဲနိုင်မည့်အပြင် သယ်ယူပို့ဆောင်ခနှုန်း ကျဆင်းလာနိုင်သည့် အခြေအနေ၊ အထက်အညာဒေသနှင့် အလယ်ရိုးမအနောက်ခြမ်း၊ ရန်ကုန်-မန္တလေး လမ်းမကြီးတစ်လျှောက် သဘာဝဓာတ်ငွေ့ဆိုင်များတိုးချဲ့ဖွင့်လှစ်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မိမိ ဝန်ကြီးဌာနအနေဖြင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ရန်ကုန်မြို့တွင်းရှိ ဒီဇယ်အင်ဂျင်သုံး မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်းဖြင့် အကျိုးရှိလာမည့် အခြေအနေများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားနိုင်သည်များ၊ ကုန်ဈေးနှုန်းနှင့် ခရီးစရိတ်များ ကျဆင်းလာနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မိမိ ဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေး၌ လက်ရှိအသုံးပြုနေသည့် မော်တော်ယာဉ်များတွင် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ပြောင်းလဲသုံးစွဲရန် ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့်သဘာဝဓာတ်ငွေ့တို့ကို မော်တော်ယာဉ် အင်ဂျင်များ၌သုံးစွဲသည့်အခါ ဖြစ်ပေါ်လာနိုင်သည့် အင်ဂျင်ပိုင်းဆိုင်ရာ အကျိုးအပြစ်များကို နှိုင်းယှဉ်တင်ပြရှင်းလင်းပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များကို ခေတ်မီဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများ၌ တိုးချဲ့အသုံးပြုနေပုံတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ်ပြောင်း လဲတပ်ဆင်အသုံးပြုရေးအတွက် ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင်သွားမည့်အခြေအနေများကိုဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကနိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အမှတ် (၂)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လုပ်ငန်းဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုဖြင့် စက်မောင်းဆီသုံးမော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် တစ်ဆင့်ပြီး တစ်ဆင့် တိုးချဲ့ပြောင်းလဲတပ်ဆင်အသုံးပြုသွားရာ၌ ရှေးဦးစွာ အညာဒေသရှိ ပလိပ်၊ မြင်းခြံကို အခြေပြုသည့် မော်တော်ယာဉ်အစီး ၂၀၀၊ ရန်ကုန်မြို့တော်ရှိ မော်တော်ယာဉ်များအနက်ဘတ်စ်ကားအစီး ၁၀၀၀နှင့် တီအီးမော်တော်ယာဉ်အစီး ၁၀၀၀တို့ကို ပထမအဆင့်အနေဖြင့် ဦးစားပေးပြောင်းလဲသုံးစွဲသွားရန်စီမံနေကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဒီဇယ်အင်ဂျင်မှသဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ဒီဇယ်အင်ဂျင်မှသဘာဝဓာတ်ငွေ့သုံး အင်ဂျင်ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံး အင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ ကျင်းပရေး ဦးစီး ကော်မတီအတွင်း ရေးမှူး သာသနာ ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေး အတွက် အနီးကပ်ကြီးကြပ်ရေးအဖွဲ့နှင့် အတွင်းရေးမှူးများအဖွဲ့တို့ဖွဲ့စည်း ပြီးစီးမှုအခြေအနေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ခင်းကျင်းရန်စီစဉ်ထားရှိမှုအခြေအနေ၊ ညီလာခံကြီးတွင် တာဝန်ထမ်းဆောင်ကြမည့် ဆက်သွယ်ရေးအရာရှိများအား သင်တန်းများပို့ချပြီးစီးမှုအခြေအနေ၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ အထိမ်းအမှတ်ပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများဖြစ်ကြသည့် အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပရေးဆိုင်ရာကိစ္စရပ်များကို လုပ်ငန်းကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအတွက် စီစဉ်ထားရှိသော အထိမ်းအမှတ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဂျီအက်စ်အမ်မိုဘိုင်းတပ်ဆင်ရေးစက်ပစ္စည်းများရောက်ရှိ ဖုန်းသုံးစွဲလိုသူတစ်သိန်းခန့်အားတပ်ဆင်ပေးနိုင်မည်

ရန်ကုန် ဩဂုတ် ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်မည့် ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ရန်လုပ်ငန်းများအတွက် ဂျီအက်စ်အမ်စက်ပစ္စည်းများ စတင်ရောက်ရှိလျက်ရှိသည်။

ရန်ကုန်မြို့တွင် ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်းစနစ် တည်ဆောက်ရန်လုပ်ငန်းအတွက် စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အယ်လ်ကာတဲလ် ရှန်ဟိုင်းဘဲလ် ကုမ္ပဏီ (Alcatel Shanghai Bell Co., Ltd.) ကလေကြောင်းခရီးဖြင့် တင်ပို့ရောက်ရှိလာပြီး ယင်းစက်ပစ္စည်းများကို စမ်းချောင်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂျီအက်စ်အမ်မိုဘိုင်း ဆက်သွယ်ရေးစခန်းတွင် သယ်ယူ၍ သိုလှောင်ထားရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် ယနေ့နံနက် ၈ နာရီတွင် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည် စက်ပစ္စည်းများတပ်ဆင်မည့် စက်ခန်းများကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ချိန်နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နံနက် ၈နာရီခွဲတွင် ဝန်ကြီးသည် အလုံမြို့နယ်ရှိ အေရှဝေါလ် ဆိပ်ကမ်းတံတား (Asia World Port Terminal) သို့ ရောက်ရှိသည်။ ထို့နောက် ဝန်ကြီးသည် ယင်းဆိပ်ကမ်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇက်တီအီးကော်ပိုရေးရှင်း (ZTE Corporation) က ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဂျီအက်စ်အမ်မိုဘိုင်း တယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ရန်လုပ်ငန်းအတွက် ပေးပို့သော စက်ပစ္စည်းများ စင်ကာပူသမ္မတနိုင်ငံ Sea Merchant သင်္ဘောဖြင့် ရောက်ရှိလာသော ကုန်သေတ္တာများကို သယ်ယူနိုင်ရန်အတွက် မော်တော်ယာဉ်များပေါ်သို့ တင်ပေးနေသည်ကို လည်းကောင်း၊ ကုန်သေတ္တာများဖွင့်၍ စက်ပစ္စည်းများ စစ်ဆေးနေသည်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယခုရောက်ရှိနေသော ဂျီအက်စ်အမ်စက်ပစ္စည်းများ တပ်ဆင်ပြီးစီးပါက မိုဘိုင်းတယ်လီဖုန်းသုံးစွဲလိုသူ တစ်သိန်းခန့်အား တပ်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်-အာဆီယံလူထုဆက်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် **"ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေး ပူးပေါင်း ဆောင်ရွက်မှုဆွေးနွေးပွဲ"**သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်၊ ညွှန်ကြားရေးမှူး(စီမံ)ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဝဲပုံ)**

လိုက်ပါသွား

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့် အဖွဲ့အတွင်းရေးမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလက်ထောက်ညွှန်ကြားရေးမှူး (အစီအစဉ်) ဦးရဲထွန်းတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီး၌တင်လှူမည့် ရွှေထီးတော်နှင့်ဗုဒ္ဓရုပ်ပွားကိုးဆူအတွက်ငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ဝိကာသိနီကုန်းတော်၌ တည်ထားသော မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားကိုးဆူအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေများလက်ခံပြီး အလှူရှင်များအား သာဓုအနုမောဒနာဂုဏ်ပြုလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များဖြစ်ကြသော ဦးတေဇနှင့် သီရိသုဓမ္မသင်္ဂဟ ဒေါ်သီတာဇော်တို့က ငွေကျပ် သိန်း ၅၀၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၅၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်း(စက်မှုစီးပွားထူးချွန်ပထမဆင့်)က ငွေကျပ် သိန်း ၅၀၊ ဒေါ်ရွှေစင်(ဂိုလ်းယူနီကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၅၀၊ ဦးတင်စိန်-ဒေါ်နန်းခမ်းတစ်(ပ်) (မြန်မာယူနီဗာဆယ်ဘဏ်လီမိတက်)က ငွေကျပ် သိန်း ၅၀၊ ဦးအောင်ဘ(မိုင်းကိုင်)နှင့် ဦးလှထွန်း(သီတာမြနန်းကျောက်မျက်ရတနာကုမ္ပဏီ)တို့က ငွေကျပ် ၁၈သိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတော်တော်-ဒေါ်ငွေငွေ မိသားစုက ငွေကျပ် ၁၅ သိန်း၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် မိသားစု၊ သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီး-ဒေါ်သန်းသန်း (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)၊ ဦးဇော်မင်းဝင်း-ဒေါ်တင်သီတာ(ဇက်ဂျီအက်စ် ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးအောင်သန်း-ဒေါ်သဇင်မြင့် (အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့)၊ ဦးလှငွေ-ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)နှင့် ဦးဝင်းမောင်-ဒေါ်ရီရီမြင့်၊ သား ဖွဲ့ဉာဏ်ရဲလင်း (အောင်တမန်ဆေးတိုက်)တို့က ငွေကျပ်သုံးသိန်းစီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင်-ဒေါ်ခင်လေး(ရွှေပြည်စံကုမ္ပဏီ)က ငွေကျပ် နှစ်သိန်း၊ ဦးရဲညွန့်-ဒေါ်စန်းရီ မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးရှိန်မြင့်-သီဟသုဓမ္မသင်္ဂဟဒေါ်ခင်သန်းမြင့် မိသားစုက ငွေကျပ် တစ်သိန်း၊ မင်းဓမ္မကုန်းတော် တောင်ဘက်စောင်းတန်း ဈေးသူ ဈေးသားများ၊ ဖခင်ကြီး ဦးကျော်လှအား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ် မိသားစုနှင့် ဦးဉာဏ်လွင် မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းလှ(တိကြီးမိသားစု)က ငွေကျပ် ၁၀ သိန်းနှင့် မော်လမြိုင်ကျွန်းမြို့မှ ဦးမောင်လှ၊ ဒေါ်ရွှေစိန်၊ ဒေါ်မြလွင် မိသားစုက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က လက်ခံကြပြီး သာဓုအနုမောဒနာဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားကိုးဆူအတွက် အလှူငွေများ လှူဒါန်းလိုပါက ဦးဝင်းဟန် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဖုန်း-၀၁-၆၆၅၆၄၈ နှင့် ၀၉-၉၉-၂၉၆၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ယနေ့လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၃၂၄သိန်း ငါးသောင်း ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဩဂုတ် ၂၄

ယနေ့မြန်မာစံတော်ချိန် ညနေ ၄နာရီ ၃၅မိနစ် ၄၄စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ယွန်းယွန်း မိုင် ၁၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသပညာရေးကဏ္ဍမြှင့်တင်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတည်ဆောက်

မြင့်စိုး (နတလ)

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်းသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်မှု၊ စီးပွားရေးတိုးတက်မြင့်မားလာမည့် အခြေခံကောင်းများ ဖြစ်ထွန်းမှု၊ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းတိုးတက်မြင့်မားလာမှုတို့ အပေါ်တွင် များစွာတည်မှီလျက် ရှိပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် အထက်ဖော်ပြပါ ကဏ္ဍအားလုံး လွှမ်းခြုံပါဝင်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စနစ် တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် လာနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်သည်။

ထိုအခြေအနေ အချိန်အခါမျိုးတွင် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် မျှော်မှန်းပြီး နယ်စပ်ဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားသွေးချင်းများ ပညာရည်မြင့်မားလာစေရေး၊ မိမိတို့တိုင်းရင်းသား လူမျိုးများထဲမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးတို့နှင့် စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် အောက်ပါအတိုင်း လမ်းညွှန်ခဲ့သည်-

> **“ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားလာရေးနှင့် နယ်စပ်ဒေသ တိုးတက်ဖြစ်ထွန်းမှုများ စဉ်ဆက်မပြတ် တိုးတက်မြင့်မားလာစေရန်၊ ဒေသတွင်း လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် စီမံဆောင်ရွက်သွားရန်”**

နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ ပညာရည်မြင့်မားရေး နှင့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်း လာရေးတို့ကို ဟန်ချက် ညီညီ စီမံဆောင်ရွက်ပေးလျက် ရှိရာတွင် အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ ဖွင့်လှစ်ပေးခြင်းတို့အပြင် နယ်စပ် ဒေသနေတိုင်းရင်းသားများ ပညာရည် မြင့်မားရေးအတွက် သီးသန့် အစီ အမံတစ်ရပ်ဖြစ်သည့် နွေရာသီ ‘အ’ သုံးလုံး ရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြား ပို့ချပေးခြင်းများ ပါဝင်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ **နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတို့ကို ဟန်ချက်ညီညီ စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များ ဖွင့်လှစ်ပေးခြင်းတို့အပြင် နယ်စပ်ဒေသနေတိုင်းရင်းသားများ ပညာရည်မြင့်မားရေးအတွက် သီးသန့်အစီအမံ တစ်ရပ်ဖြစ်သည့် နွေရာသီ‘အ’သုံးလုံး ရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းများ ပါဝင်သည်။**

၁၉၈၉ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သောစာသင်ကျောင်းများ

နယ်စပ်ဒေသများတွင် စာသင်ကျောင်းများ စတင်ဖွင့်လှစ်ခဲ့စဉ်က ပထမဦးဆုံး ကြုံတွေ့ရသော အခက်အခဲမှာ ဘာသာစကားအခက်အခဲ ဖြစ်သည်။ ထိုအချိန် ထိုကာလက သွားရောက်တာဝန် ထမ်းဆောင်ခဲ့ကြရသော ဆရာ၊ ဆရာမများ အနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရသည်။ သွားရေးလာရေးကအစ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ဘာသာစကား စသည်ဖြင့် အခက်အခဲများစွာ ကြုံခဲ့ကြရသည်။ စာသင်ကြားရေးအပြင် ကျန်းမာရေး အသိပညာကိုပါ သင်ပြပေးခဲ့ကြရသည်။

မည်သို့ဆိုစေ နိုင်ငံတော်အစိုးရ၏ စေတနာ၊ ထိုထိုသောဆရာ၊ဆရာမများ၏ မေတ္တာ၊ စေတနာအရင်းခံတို့ဖြင့် ၁၉၈၉ ခုနှစ်အတွင်းမှာပင် အခြေခံပညာ မူလတန်းကျောင်းများကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုကျောင်းများမှာ ကိုးကန့်ဒေသ၌ ဆီအော၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပါစင်ကျော်၊ တာရွှေထန်၊ နမ့်ထော်တို့တွင်လည်းကောင်း၊ ကျိုင်းတုံအရှေ့ဒေသ၌ မိုင်းမ၊ မိုင်းလား၊ ဆန်တောက်၊ ဆီလူး၊ မိုင်းဝ၊ မိုင်းဟဲ၊ ဝမ်စလောင်းနှင့် ကောင်းလန်တို့တွင်လည်းကောင်း မှတ်တမ်းပြု ဖော်ပြလိုပါသည်။

ကရင်ဒေသ မြိုင်ကြီးငူ အခြေခံပညာအထက်တန်းကျောင်းကို တွေ့ရစဉ်။

၁၉၈၉ခုနှစ်တွင် အမက ၁၄ ကျောင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ရာမှ ၁၉၉၂ ခုနှစ်တွင် ကျောင်းပေါင်း ၁၇၄ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ သင်ကြားရေးအပိုင်းတွင်လည်း ကျောင်းသားနှင့် ဆရာအချိုး မျှတစေရန် ဒေသခံတိုင်းရင်းသားများထဲမှ သင့်လျော်သူများကို ရွေးချယ်ကာ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဖွင့်လှစ်သော အထူးမူလတန်း ဆရာဖြစ် သင်တန်းများ တက်ရောက်စေခဲ့သည်။ ယင်းနောက် မိမိတို့ဒေသ အသီးသီးတွင် ပြန်လည်တာဝန် ထမ်းဆောင်စေခဲ့သည်။

ပအိုဝ်းဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ စောစ အခြေခံပညာမူလတန်းကျောင်းကို ဤသို့တွေ့ရသည်။

ကျောင်းများအဆင့်တိုးမြှင့်ပေးခြင်း

ကျောင်းများ တိုးချဲ့ဖွင့်လှစ် ပေးခဲ့သည့် နည်းတူ အဆင့် တိုးမြှင့်ပေးခြင်းကိုလည်း အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ လက်လှမ်းတမီ တင်ပြရလျှင် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွင်းမှာပင် အခြေခံပညာ အထက်တန်းကျောင်းပေါင်း ၂၀ အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်သည်။

ယင်းကျောင်းများမှာ ကချင်အထူးဒေသ(၂)မှ ပန်နန်းဒင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မုံးကိုးနှင့် မန်ဟီးရိုး၊ ‘ဝ’ဒေသမှ နမ့်တစ်၊ ကျိုင်းတုံအရှေ့ ဒေသမှ မိုင်းလား၊ ဝမ်အွမ်၊ ပုံပါကျင်၊ မိုင်းယု၊ တုံတာ၊ မိုင်းပေါက်၊ မိုင်းခုတ်၊ ကျိုင်းလတ်၊ ပအိုဝ်းဒေသမှ ပင်ဖြစ်၊ ဟိုမိန်းဒေသမှ ဟိုမိန်း၊ ကယားဒေသမှ ရွာသစ်၊ မွန်ဒေသမှ ဟံဂံ၊ ကရင်ဒေသမှ ကျိုက်ဒုံ၊ မြိုင်ကြီးငူ၊ တနင်္သာရီဒေသမှ ပဲဒက်၊ နာဂဒေသမှ ပန်ဆောင်တို့ ဖြစ်ကြသည်။

အလားတူ ယခု၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင်လည်း အထက ရှစ်ကျောင်း အဆင့်တိုးမြှင့်ပေးခဲ့ရာ ရှမ်းဒေသမှ ခေါက်စန့်၊ ပအိုဝ်းဒေသအတွင်းမှ စံကား၊ ကျောက်တန်း၊ ပန်ခွန်၊ နမ့်ခုတ်၊ လုံကား၊ ကယားဒေသ အတွင်းမှ ရွှေပြည်အေး၊ ပျဉ်းမနားမြို့နယ်အတွင်းမှ ဘိုးမ တို့တွင် ဖြစ်သည်။

နယ်စပ်ဒေသများ၌ ဖွင့်လှစ်ပေးပြီးကျောင်းအရေအတွက်

၁၉၈၉ခုနှစ်မှ ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွင်း နယ်စပ်ဒေသအသီးသီး၌ ဖွင့်လှစ်ပေးပြီး ကျောင်းအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်-

အခြေခံပညာအထက်တန်းကျောင်း	**၆၅**	**ကျောင်း**
အခြေခံပညာအလယ်တန်းကျောင်း	**၅၈**	**ကျောင်း**
အခြေခံပညာမူလတန်းကျောင်း	**၆၄၄**	**ကျောင်း**
စုစုပေါင်း	**၇၆၇**	**ကျောင်း**

၂၀၀၄-၂၀၀၅ ပညာသင်နှစ်ကျောင်းသားဦးရေ

နယ်စပ်ဒေသအခြေခံပညာကျောင်းများတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်၌ တက်ရောက်သင်ယူနေကြသော ကျောင်းသားဦးရေမှာ အောက်ပါ အတိုင်းဖြစ်သည်-

အထက်တန်းအဆင့်	**၇၃၈၁**	**ဦး**
အလယ်တန်းအဆင့်	**၃၂၀၃၆**	**ဦး**
မူလတန်းအဆင့်	**၆၉၂၀၄**	**ဦး**
စုစုပေါင်း	**၁၀၈၆၂၁**	**ဦး**

နယ်စပ်ဒေသပညာရေးဝန်ထမ်းဦးရေ

နယ်စပ်ဒေသ အခြေခံကျောင်းများတွင် အထက်တန်းပြ ၅၅၅ ဦး၊ အလယ်တန်းပြ ၁၀၁၃ဦး၊ မူလတန်းပြ ၁၅၁၅ဦး စုစုပေါင်း ၃၀၈၃ဦးဖြစ်ပြီး အခြားပညာရေးဆိုင်ရာ ဝန်ထမ်း ၁၀၀၉ ဦး ရှိသည်။

သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းများဖွင့်လှစ်ခြင်း

နယ်စပ်ဒေသ အခြေခံပညာကျောင်းများ ဖြစ်သည့် ကချင် အထူးဒေသ(၂)မှ လွယ်ဂျယ်၊ ဟိုပင်၊ ကိုးကန့်ဒေသမှ လောက်ကိုင်၊ ကချင်အရှေ့မြောက် ဒေသမှ ကောင်းခါး၊ တာမိုးညဲ၊ ပလောင်ဒေသမှ မန်တုံ၊ ရှမ်းဒေသမှ ပင်လုံ၊ ပအိုဝ်းဒေသမှ ကျောက်တလုံး၊ ကရင်ဒေသမှ သံတောင်ကြီး၊ ဘုရားသုံးဆူ၊ ကျိုက်ဒုံ၊ နဘူး၊ မွန်ဒေသမှ ကလော့သော့၊ ပင၊ ထင်းရှူး၊ တရနာ၊ နှစ်ကရင်၊ ဟံဂံ၊ တနင်္သာရီဒေသမှ ပဲဒက်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလား အခြေခံပညာ အထက်တန်းကျောင်းကို ဤသို့တွေ့ရသည်။

အမှတ် ၆/ခ ၁၃ ရပ်ကွက် ရွှေယင်းမာလမ်း ရန်ကင်းမြို့နယ်နေ (ဦးမောင်မောင်)အား ရည်စူး၍ ကျန်ရစ်သူမိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှု အသင်း (ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဝင်းနိုင် (မော်တော်ယာဉ်ခေါင်းဆောင်)နှင့် ဘဏ္ဍာရေးအဖွဲ့ဝင် ဒေါ်တင်တင်ဦးတို့က လက်ခံရယူစဉ်။ (က-ပ)

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားဝင်းရှိ အသင်း သိမ်ကျောင်းမွှာရုံ၌ကျင်းပရာ အလှူငွေကျပ်တစ်သိန်းကို အသင်းနာယက အကယ်ဒမီ ဘိုကလေး ဦးတင့်အောင်က နာရေးကူညီမှုအသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးကျော်သူထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သုတေသနစပါးမျိုးစမ်းသပ်စိုက်ခင်းဝန်ကြီးဗိုလ်ချုပ်ညွှန့်တင်ကြည့်ရှု မျိုးသန့်ပွားများရေး၊ သွေးသစ်လောင်းမျိုးလဲလှယ်ရေးမှာကြား

ရန်ကုန် ဩဂုတ် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်သည် ဩဂုတ် ၂၂ရက်က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာရှိ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့်လေ့ကျင့်ပညာပေးဌာန၌ ဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ဒီပလိုမာဘွဲ့သင်တန်း တက်ရောက်ကြမည့် သင်တန်းသား ၉၈ဦးနှင့် စိုက်ပျိုးရေး လက်တွေ့လုပ်ငန်းခွင်သင်တန်းသို့ တက်ရောက်မည့် သင်တန်းသား၁၀၀ စုစုပေါင်း ဝန်ထမ်းသင်တန်းသား ၁၉၈ဦးအား တွေ့ဆုံ၍ သင်တန်းမှရရှိသော စိုက်ပျိုးရေးနည်းပညာများကို မိမိတို့တာဝန်ကျဒေသများသို့ ပြန်လည်ရောက်ရှိသည့်အခါ တောင်သူလယ်သမားများထံ ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့ကျင့်သုံးရေး နည်းပညာ ပြန့်ပွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာတွင်ရှိသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တောင်သူလယ်သမား စိုက်ပျိုးရေးနည်းပညာပေး စခန်းတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးပညာပေးရေးဌာနခွဲတို့ ပူးပေါင်းသုတေသန ပြုဆောင်ရွက်နေသည့် သုတေသန စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ပြသရှင်းလင်း

စိုက်ပျိုးရေးသုတေသနပညာရှင်များက ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) မှရရှိသည့် မိုးရေသောက်စပါးမျိုးရှစ်မျိုး စမ်းသပ်စိုက်ပျိုးမှု၊ တောင်သူလယ်သမားများ ကိုယ့်မျိုးကိုယ်ထား မျိုးစေ့ပွားများမှု နည်းပညာပေး ဆောင်ရွက်ချက်များကို ပြသရှင်းလင်းသည်။

ဝန်ကြီးက မျိုးသန့်ပွားများရေး၊ သွေးသစ်လောင်း မျိုးလဲလှယ်ရေးကိစ္စများ မှာကြားသည်။

တွေ့ဆုံအားပေး

ထို့နောက် ဝန်ကြီးသည် ရေကျောက်ခက်ဇီဝမြေဩဇာ မျိုးပွားစိုက်ခင်း၊ သဘာဝမြေဩဇာ မြေဆွေးပုံများ ပြုလုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးပညာရှင်များအား တွေ့ဆုံအားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် ခပေါင်းချောင်းကိုမြေသားတမံပိတ်၍ ရေလှောင်တမံတည်ဆောက်နေသည့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူး ဦးဗစ်တာက ရေလွှဲဥမင်လိုဏ်ဂူ တည်ဆောက်ပြီးစီးမှုတို့ကိုရှင်းလင်းတင်ပြသည်။

ခပေါင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သည့် ရေလှောင်တမံစီမံကိန်း တစ်ခုဖြစ်ပြီး ရေဘေးကာကွယ်ရေး၊ စိုက်ပျိုးရေဧက တစ်သိန်းရရှိရေး အပြင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးပါ ပူးတွဲပါရှိသည့် စီမံကိန်းကြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၇) သကြားစက် (အုတ်တွင်း)သို့ ရောက်ရှိပြီး နို့ဝင်ဘာလလယ်တွင် စတင်လည်ပတ်ရန် စက်ရုံရှိ ကြိတ်လုံးများ၊ ဘွိုင်လာ၊ ကျိုချက်ကန်များ ပြုပြင်မွမ်းမံမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စက်ရုံမှူးက ရှင်းလင်းဆောင်၌ အမှတ်(၇) သကြားစက် (အုတ်တွင်း)၏ ကြံသကြားထုတ်လုပ်မည့် စီမံထားရှိချက်များ၊ ကြံဝယ်ယူရေး၊ ကြံသယ်ယူရေး၊ ကန်ထရိုက်စနစ်ဖြင့် ဌာနနှင့် ကြံတောင်သူစိုက်ခင်း တည်ထောင်မှု၊ လာမည့်နှစ်အတွက် ကြံစိုက်ပျိုးရန် စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ထုတ်လုပ်ရန် သတ်မှတ်ချက်ပြည့်မီအောင် ဆောင်ရွက်ရေး၊ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်)

ရခိုင်ဒေသမှ လက်ဝဲဒက်ပုဇွန်ချောင်း၊ တောင်ပဇာ၊ ကြိမ်ချောင်း၊ အလယ်သံကျော်၊ တောင်ပြို (ဝဲ)၊ ကဘော်ဒေသမှ မင်းသာ၊ နာဂဒေသမှ လေရှီးစသည့် အခြေခံပညာ အထက်တန်းကျောင်းများတွင်သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။ လိုအပ်သော သင်ထောက်ကူ ပစ္စည်းများကိုလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ကူညီပံ့ပိုးပေးခဲ့သည်။

စက်ပစ္စည်းများ တပ်ဆင်ပြီးဖြစ်၍ ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော ကျောင်းများမှာ ကချင်ဒေသမှ ကာမိုင်း၊ နောင်မွန်း၊ ပန်ဝါ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မုံးကိုး၊ ကိုးကန့်ဒေသမှ ချင်းရွှေဟော်၊ 'ဝ'ဒေသမှ ပန်ဆန်း၊ ရှမ်းဒေသမှ ဆောင်ကြဲ၊ နမ့်လန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကျိုင်းတောင်း၊ ပအိုဝ်းဒေသမှ ဆိုက်ခေါင်၊ ကျောက်ကချား၊ နောင်တရား၊ ကျိုင်းတုံအရှေ့ဒေသမှ မိုင်းယန်း၊ မိုင်းလား၊ တာလေ၊ ချင်းဒေသမှ ကျီခါး၊ ရိဒ်ခေါဒါရ်၊ ရေဇွာ၊ စဘောင်သဲ၊ နာဂဒေသမှ လဟယ်၊ နန်းယွန်းစသည့် အခြေခံပညာ အထက်တန်းကျောင်းများ ဖြစ်ကြသည်။

နယ်စပ်ဒေသပညာရေးလုပ်ငန်း

နှစ်(၃၀) စီမံကိန်းမျှော်မှန်းချက်

အခြေခံပညာရေးကဏ္ဍ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်အရ နယ်စပ်ဒေသမြို့နယ်ပေါင်း ၆၈မြို့နယ်တွင် မြို့နယ်နှင့်မြို့အဆင့်၌ အထက်တန်းကျောင်းများ ဖွင့်လှစ်ရန်၊ ကျေးရွာကြီးများ၌ အလယ်တန်းကျောင်းများ ဖွင့်လှစ်ရန် ကျေးရွာတိုင်း၌ မူလတန်းကျောင်းများ ဖွင့်လှစ်ရန်အထိ၊ မျှော်မှန်း ဆောင်ရွက်လျက်ရှိပါသည်။

ပထမနှစ်တို ငါးနှစ်ကာလဖြစ်သော ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွင်းမှာပင် အထက ၁၀ ကျောင်း၊ အလက ၂၅ ကျောင်း၊ အမက ၅၀ တိုးမြှင့်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်၍ နှစ် ၃၀ စီမံကိန်းပြီးဆုံးချိန်တွင် တိုးမြှင့်ဖွင့်လှစ်ပြီး ကျောင်းအရေအတွက်မှာ အထက ၆၀၊ အလက ၁၅၀၊ အမက ၃၀၀ ရှိလာမည် ဖြစ်ပေသည်။

နွေရာသီ 'အ'သုံးလုံးရက်တိုသင်တန်းများ ဖွင့်လှစ်ခြင်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ နယ်စပ်ဒေသ အသီးသီးတွင် နွေရာသီ 'အ' သုံးလုံးရက်တိုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

နှစ်အလိုက်ဖွင့်လှစ်သင်ကြားခဲ့ရာတွင် ၁၉၉၆ ခုနှစ်၌ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ကျိုင်းတုံ အရှေ့ဒေသ၊ ရခိုင်ဒေသများမှသင်တန်းသားသင်တန်းသူ၁၁၂၄ဦး၊ ၂၀၀၀ပြည့်နှစ်တွင် ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ပအိုဝ်းဒေသ၊ ကရင်ဒေသများမှ သင်တန်းသား သင်တန်းသူ ၁၀၅၁၀၊ ၂၀၀၁ ခုနှစ်တွင် မုံးကိုးနှင့် 'ဝ'ဒေသ၊ ရှမ်းဒေသ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ရခိုင်ဒေသ၊ နာဂဒေသတို့မှ သင်တန်းသားသင်တန်းသူ ၇၅၁၂ဦး၊ ၂၀၀၂ ခုနှစ်တွင် ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ (၂)၊ ကချင်အရှေ့မြောက်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ တနသ်ာရီဒေသ၊ ရခိုင်ဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသတို့မှ သင်တန်းသား သင်တန်းသူ ၉၇၇၂ဦး၊ ၂၀၀၃ ခုနှစ်တွင် မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ဟိုမိန်းနှင့်မုံးထော်/မုံးထဒေသ၊ ကယားဒေသတို့မှ သင်တန်းသား သင်တန်းသူ ၂၉၆၁ ဦး၊ ၂၀၀၄ ခုနှစ်တွင် ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသနှင့် ရခိုင်ဒေသတို့မှ သင်တန်းသား သင်တန်းသူ ၆၇၈၈ဦး တက်ရောက်ခဲ့ကြသည်။

သို့ဖြစ်ပေရာ နယ်စပ်ဒေသအသီးသီးတွင် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာသင်ယူခွင့် ဆုံးရှုံးခဲ့ကြရသူများ၊ ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်မြောက်သူများ စုစုပေါင်း ၃၈၆၆၇ ဦး သင်ယူတတ်မြောက်ခဲ့ကြပြီဖြစ်၏။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး

ယနေ့အချိန်အခါ၌ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ လွန်စွာ မြန်ဆန်လျက်ရှိပေရာ ထိုအခြေခံကောင်းများကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်၍ ဆက်လက် ကြိုးပမ်းစွမ်းဆောင်သွားကြမည့် လူ့စွမ်းအား အရင်းအမြစ်များ နယ်စပ်ဒေသအသီးသီး၌ တိုးတက်ဖြစ်ထွန်းနေရန် အရေးကြီးလှပေသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်သန်၍ နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၅ ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာကျောင်း ၁၈ကျောင်း၊ ရန်ကုန်နှင့်မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုတို့ကို ဖွင့်လှစ်သင်ကြား ပြုစုပျိုးထောင်ပေးလျက် ရှိသည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ်၌ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၅ကျောင်းတွင် မူလတန်းအဆင့် ၄၅၁ ဦး၊ အလယ်တန်းအဆင့် ၁၁၂၇ဦး၊ အထက်တန်းအဆင့် ၆၆၂ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၂၄၀ တက်ရောက်သင်ယူလျက်ရှိသည်။ လူငယ်သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ အနေဖြင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ ဆက်လက် သင်ယူခွင့်ရကြမည်ဖြစ်ပေသည်။ အလားတူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာကျောင်းများအနေဖြင့်လည်း နယ်စပ်ဒေသနေ တိုင်းရင်းသူကလေးများ၏ ဘဝရပ်တည်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များမှ ယမန်နှစ်တွင်၁၄၃ဦးသင်တန်းဆင်းခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ခွဲဝေ၍ တာဝန်ပေးအပ်ကာ မိမိတို့နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြပြီဖြစ်သည်။ ယခု ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အကုန်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာရရှိသူ သင်တန်းဆင်းကျောင်းသား ၁၁၅ဦး ထပ်မံမွေးထုတ်နိုင်ခဲ့သည်။

အဆိုပါ သင်တန်းဆင်း ကျောင်းသားများထဲမှ B. Tech သင်တန်းတက်ရောက်ရန် အဆင့်မီသူများ၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူများအား အဆင့်မြင့်သင်တန်းများ ဆက်လက် သင်ယူခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ သို့ဖြစ်ပေရာ မကြာမီကာလအတွင်း နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များအနေဖြင့် မဟာဘွဲ့များသာမက၊ ပါရဂူ ဘွဲ့များကိုပါ ရရှိနိုင်တော့မည့် အခွင့်အလမ်းကောင်းများ၊ အလားအလာကောင်းများ စတင်တွေ့မြင်နေရပြီ ဖြစ်သည်။

ပြည်ထောင်စု ရာသက်ပန် တည်မြဲမ်အေးချမ်းရေး

၂၀၀၄ ခုနှစ် ဇူလိုင်လ၂ ရက်နေ့ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟို ဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောက်ပါအတိုင်း မိန့်ကြားခဲ့သည်-

"ပြည်ထောင်စု မြန်မာနိုင်ငံတော် အနေဖြင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှု အမျိုးမျိုးကိုရင်ဆိုင်ဖြေရှင်းနိုင်စေမည့် အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစွမ်းအားများဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု စွမ်းအား၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ် စွမ်းအားတို့ကို အခိုင်အမာတည်ဆောက်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုး စီးပွားအတွက် ခိုင်မာသော ရပ်တည်ချက်ဖြင့် ကာကွယ်စောင့်ရှောက် မြှင့်တင်သွားနိုင်မှသာ သူတစ်ပါးဩဇာအာဏာ လောင်းရိပ်အောက် ကျရောက်သွားမည့် အန္တရာယ်က လွတ်ကင်းပြီး ပြည်ထောင်စုကြီးလည်း တည်မြဲမ်အေးချမ်းစွာ ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားသော လူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း"

နယ်စပ်ဒေသအသီးသီး၌ အခြေခံပညာ ကျောင်းပေါင်းများစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။ သက်ကြီးစာမတတ်သူများအတွက်လည်း အခြေခံပညာသင်ယူခွင့်အခွင့်အလမ်းပြန်လည်ရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိပေသည်။ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားလာစေရန်သာမက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက် ရှိပေသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ အနေဖြင့် အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ် ထက်သန်ခိုင်မာစွာဖြင့် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သူများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနေခြင်းလည်း ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဤသို့သော လေ့ကျင့်ပြုစုပျိုးထောင်ပေးမှုအစုစုတို့၏ အန္တိမရည်မှန်းချက်သည် ပြည်ထောင်စု ရာသက်ပန် တည်မြဲမ်အေးချမ်းရေးပင်တည်း။ ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ရည်ရွယ်ချက်ရှင်းလင်း မိမိသဘောဆန္ဒအလျောက်အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ထမ်းများအား အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် တက်ရောက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့ဝင် ဒေါ်ထူးရော်၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၏ဇနီး ဒေါ်စန်းစန်း၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၏ဇနီး ဒေါ်ခင်မေစန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြနှင့် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ဇနီးများ၊ အမျိုးသမီး အရာထမ်းများ၊ အမှုထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးသက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက်(၁၆)ရပ်တို့ကို ရှင်းလင်းဟောပြောပြီး အဖွဲ့ဝင်အဖြစ် မိမိသဘောဆန္ဒအလျောက် ပါဝင်နိုင်ကြောင်း၊ **"အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၏ဇနီး ဒေါ်စန်းစန်းက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ သတ္တုတွင်းဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် နှစ်သိန်းကို ပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၂၁ရက်က ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩသဓာဘိဝံသအမှူးပြုသော ပင့်သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးခင်မောင်လေးက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လှိုင်မဟာစည်ဆရာတော်တရားပွဲ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တစန္ဒဝရက ထေရဝါဒဗုဒ္ဓသာသနာ သုံးပါးပြုမိဂဒါဝုန်ဝိပဿနာသင်တန်း တရားတော်ကို ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၃၀ရက်) မွန်းလွဲ ၂နာရီတွင် တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ဩဂုတ် ၂၄ ရက်က (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား အဝေးပြေးလမ်းမများ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ပြင်ဆင်လေ့လာမှုများနှင့်စပ်လျဉ်းသည့် စီမံကိန်းများ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါကုသမှု ကျန်းမာရေးဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၄

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါဆေးကုသဆောင်၌ မြန်မာနိုင်ငံမှ နှလုံးဆေးကုသမှု ဆရာဝန်ကြီးများနှင့် အင်ဒိုနီးရှားနိုင်ငံ Harapan Kita နှလုံးအထူးကုဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီး Dr. Muhammad Munawar ဦးဆောင်သောအဖွဲ့တို့ ပူးပေါင်းကုသမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ နှလုံးဆေးကုသမှုအဖွဲ့ကို ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်း ဦးဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော နှလုံးအထူးကုသအဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံမှ Dr. Muhammad Munawar ဦးဆောင်သည့်အဖွဲ့တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ကုသပေး

အဆိုပါ အထူးကုသရေးအဖွဲ့သည် နှလုံးရောဂါဝေဒနာရှင် လေးဦးအား နှလုံးနှိုးစက် (Dual Chamber Pacing)ထည့်ပေးခြင်း၊ လေးဘက်နာနှလုံးရောဂါကြောင့် နှလုံးအဆို့ရှင်ကျဉ်းသူ လူနာ ၁၂ ဦးအား အဆို့ရှင်ချဲ့၍ ကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့်ပုံပြင်မှုဆိုင်ရာ ခွဲစိတ်ကုဌာန၌ မြန်မာနိုင်ငံမှ ပညာရှင်များနှင့် ဩစတြေးလျနိုင်ငံ Interplast အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ခွဲစိတ်ကုသမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံမှ ခွဲစိတ်ကုသမှုအဖွဲ့ကို ပါမောက္ခ ဒေါက်တာခင်မောင်လွင်က ခေါင်းဆောင်ပြီး ဩစတြေးလျနိုင်ငံ Interplast အဖွဲ့ကို Dr. Michael Me Glynn ကဦးဆောင်၍ အဖွဲ့ဝင် လေးဦးဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံ Interplast အဖွဲ့သည် ဩဂုတ် ၂၂ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုး၊ ခံတွင်းနှင့် ပုံပြင်မှုဆိုင်ရာ ခွဲစိတ်ကုဌာန၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများနှင့် မီးလောင်ဒဏ်ရာ လူနာ စုစုပေါင်း ၅၀ ခန့်ကို ခွဲစိတ်ကုသပေးမည် ဖြစ်သည်။ အဆိုပါအဖွဲ့သည် ၂၀၀၁ ခုနှစ်မှစ၍ နှစ်စဉ်လာရောက်ပြီး ခွဲစိတ်ကုသမှုလုပ်ငန်းများအပြင် ဆေးပညာဆိုင်ရာ ဟောပြောပွဲများတွင်လည်း ပါဝင်ဆွေးနွေးဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက်ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအားကစားနှင့်ကာယပညာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁နာရီခွဲမှစတင်၍ မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသော စန်းမြင့်အောင် (ဒဂုံမြို့သစ်၊မြောက်ပိုင်း)အား မရမ်းကုန်းမြို့နယ်အားကစားနှင့်ကာယပညာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးက ငွေကျပ်ငါးထောင် ပေးအပ်ချီးမြှင့်သည်။

ဒုတိယပွဲစဉ်အဖြစ် ရွှေပြည်သာမြို့နယ်အသင်းနှင့် မရမ်းကုန်းမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ရွှေပြည်သာမြို့နယ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသော အောင်ကိုသန်း(ရွှေပြည်သာ)အား ပြိုင်ပွဲကျင်းပရေးကော်မတီဝင် အောင်တံခွန်သယ်ယူပို့ဆောင်ရေးပိုင်ရှင် ဦးခင်မောင်လတ်က ငွေကျပ်ငါးထောင် ပေးအပ်ချီးမြှင့်သည်။

(ခခ)အုပ်စုတွင် နှစ်ပွဲစီကစားပြီးဖြစ်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ရွှေပြည်သာမြို့နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မရမ်းကုန်းမြို့နယ်အသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ ကွမ်းခြံကုန်းမြို့နယ်အသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်ရရှိထားကြသည်။

ယနေ့ပွဲ

ဩဂုတ် ၂၅ရက် **(ယနေ့)**တွင် (ကက)အုပ်စုပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ မွန်းလွဲ ၁ နာရီခွဲတွင် လှိုင်သာယာမြို့နယ်နှင့် သုံးခွမြို့နယ်အသင်း၊ ညနေ ၃နာရီတွင် တာမွေမြို့နယ်နှင့် ကမာရွတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မစ်(စ်)အာဆီယံကားလ်ချားမြန်မာ ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းများနှင့်တွေ့ဆုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၄

Miss ASEAN Culture Myanmar ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင်ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိလပြည့်ဝန်းပလာဇာ၌ ကျင်းပရာ Miss ASEAN Culture Myanmar ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ကျင်းပရေးကော်မတီတို့မှတာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် Miss ASEAN Culture Myanmar ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်မိုးလွင်က ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်က ပြိုင်ပွဲဝင်လျှောက်လွှာများအတွက် ပြင်ဆင်ပြီးစီးမှုနှင့် ပြင်ဆင်ဆဲကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး Miss ASEAN Culture Myanmar ပြိုင်ပွဲကျင်းပရေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ကော်မတီဝင် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကျေးဇူးတင်စကားပြောကြားကာ တွေ့ဆုံရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

(အောက်ပုံ) (သတင်းစဉ်)

ဆရာဝန်အသင်းဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲ ဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် ဩဂုတ်လ ဂေါက်ရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်

ရန်ကုန် ဩဂုတ် ၂၄

(၁၂)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်သူရမောင်သိန်းခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ လေတပ် စခန်းဌာနချုပ်မှူး၊ အုပ်မှူး၊တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ပြည်သူ့ရဲတပ်ဖွဲ့မှ ဒိုင်လူကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့်အားကစားသမားများတက်ရောက် အားပေးကြသည်။ ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စစ်တုရင်ပြိုင်ပွဲကျင်းပ

(၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲများကို အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ ခန်းမတွင် ဆက်လက်ကျင်းပစဉ်။

(မြန်မာ့အလင်း)

မိုးရာသီအလွတ်တန်း ဘော်လီဘောပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၄ ခုနှစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် အမျိုးသမီး နှစ်ပွဲနှင့် အမျိုးသား သုံးပွဲ စုစုပေါင်း ငါးပွဲ ကျင်းပပြုလုပ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် ပို့ဆောင်ရေး(က) အသင်းက ကာကွယ်ရေးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊စက်မှု(၁)အသင်းက ပို့ဆောင်ရေး(ခ)အသင်းကိုသုံးပွဲ–နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ကာကွယ်ရေး(လူငယ်) အသင်းက ရန်ကုန်တိုင်းအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကက(ရေ) အသင်းက ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းကို သုံးပွဲ–နှစ်ပွဲဖြင့်လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက ပြည်ထဲရေးအသင်းကို သုံးပွဲ–တစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

ပြိုင်ပွဲကို ဩဂုတ်၂၅ ရက်**(ယနေ့)** နံနက် ၉ နာရီမှစ၍ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ စွယ်စုံဒိုင်းဆုရရှိရေး ရန်ကုန်နှင့် မန္တလေး အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းစစ်တုရင်ပြိုင်ပွဲများကို ဩဂုတ်၁၉ရက်မှစတင်ပြီး အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ ဩဂုတ်၂၃ရက်ပြိုင်ပွဲများအပြီးတွင် မန္တလေးတိုင်းအသင်းသည် အသက်(၂၀)နှစ်နှင့်အောက် လူငယ်စစ်တုရင်ပြိုင်ပွဲတွင် လေးမှတ်ခွဲဖြင့် ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရယူသွားပြီး သုံးနှစ်ဆက်တိုက်ဖြင့် ပထမဒိုင်းဆုကြီးကို အပိုင်ရရှိသွားသည်။ ရန်ကုန်တိုင်းအသင်းက လေးမှတ်ဖြင့် ဒုတိယရရှိပြီး ရခိုင်ပြည်နယ်က သုံးမှတ်ဖြင့် တတိယရရှိသွားသည်။

မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲအပြီးတွင် မန္တလေးတိုင်းအသင်းက လေးမှတ်ခွဲဖြင့် ပထမရရှိပြီး ရန်ကုန်တိုင်းအသင်းက လေးမှတ်ဖြင့် ဒုတိယ၊ ယမန်နှစ်ချန်ပီယံ ဧရာဝတီတိုင်းအသင်းက သုံးမှတ်ခွဲဖြင့် တတိယဆုနှင့်သာ ကျေနပ်လိုက်ရသည်။

၁၂သင်းပါဝင်ယှဉ်ပြိုင်

မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် အသက်(၂၀)နှစ်နှင့်အောက် လူငယ်စစ်တုရင်ပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းခြောက်ခုစီမှ အသင်းပေါင်း၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဩဂုတ်၂၃ရက်ပြိုင်ပွဲများအပြီးတွင် မြန်မာ့ရိုးရာစစ်တုရင်နှင့် အသက်(၂၀)နှစ်နှင့်အောက် လူငယ်စစ်တုရင်ပြိုင်ပွဲများတွင် ပထမရရှိထားသော မန္တလေးတိုင်းအသင်းက ကြိုတင်လေ့ကျင့်ခဲ့ပုံ၊ ပြိုင်ပွဲယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ အသင်းအုပ်ချုပ်သူနှင့် နည်းပြချုပ်ဦးနေဝင်းနှင့် မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

အကြိတ်အနယ်ယှဉ်ပြိုင်

မန္တလေးတိုင်းအုပ်ချုပ်သူနှင့် နည်းပြချုပ်ဦးနေဝင်းက “မိမိတို့ အသက်(၂၀)နှစ်နှင့် အောက် လူငယ်ပြိုင်ပွဲ နှစ်နှစ်ဆက်တိုက်ပထမရထားပြီး ယခုတစ်ဖန် ပထမဒိုင်းဆုဆွတ်ခူး၍ သုံးနှစ်ဆက်တိုက်ဖြင့် ဒိုင်းအပိုင်ရရှိသည့်အတွက် နည်းပြဆရာများနှင့် လူငယ်စစ်တုရင် အားကစားသမားများအတွက် အထူးပင်ဂုဏ်ယူကြောင်း၊ ဇူလိုင်လကကျင်းပသည့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားပြိုင်ပွဲကိုအခြေခံပြီး လက်ရည်အဆင့်အတန်းရှိသူ၊ လက်ရည်မြင့်မားသူများကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ လေ့ကျင့်မှုအနေဖြင့် ကွန်ပျူတာဖြင့် လေ့ကျင့်ခဲ့ကြောင်း၊ ယင်းလေ့ကျင့်မှုအကျိုးကို မိမိတို့ခံစားရပြီဖြစ်ကြောင်း၊ ပြိုင်ပွဲမပြီးဆုံးသေးကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလွတ်တန်း စစ်တုရင်ပြိုင်ပွဲကို မိမိတို့ဆက်လက်ယှဉ်ပြိုင်နေကြောင်း၊ စွယ်စုံတံခွန်စိုက် ဒိုင်းဆုရရှိရေးအတွက် ရန်ကုန်တိုင်းအသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်နေရကြောင်း” ပြောကြားသွားသည်။

မန္တလေးတိုင်းအသင်းသည် စွယ်စုံတံခွန်စိုက်ဒိုင်း ဒုတိယအကြိမ်မြောက် နှစ်နှစ်ဆက်တိုက်ရရှိရေးအတွက် နာမည်ကြီးရန်ကုန်တိုင်းအသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လူရွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲ ကို စက်တင်ဘာ ၂၁ရက်မှ ၂၅ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌လည်းကောင်း၊ အောက်တိုဘာ ၅ ရက်မှ ၁၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် လူရွေးချယ်ပွဲများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရှိရာ သိမ်ဖြူတင်းနစ်ကွင်း၌ စက်တင်ဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသော အသက်(၁၄)နှစ်နှင့်အောက် တင်းနစ်အားကစားမောင်မယ်များသည် သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရုံး ဖုန်း–၃၇၂၃၆၀၊ ၃၈၁၉၉၁ တို့သို့ ဩဂုတ်၃၁ရက် ညနေ ၄ နာရီ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ဘရာဇီးလက်ရွေးစင် ခရစ် ပြင်သစ်လိုင်းယွန်းသို့ပြောင်း

ပါရီ ဩဂုတ် ၂၄

ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းမှ နောက်တန်းဘောလုံးသမားခရစ်သည် ပြောင်းရွှေ့စရိတ် ယူရို ၃ ဒသမ ၅သန်းဖြင့် ပြင်သစ်ချန်ပီယံ အိုလံပစ်လိုင်းယွန်းအသင်းနှင့် လေးနှစ်စာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၇)နှစ်အရွယ်ရှိ အဆိုပါ ဘောလုံးသမားသည် ဘရာဇီးနိုင်ငံအတွက် ၁၅ပွဲ ပါဝင်ကစားခဲ့သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်က ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဘရာဇီးနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားရာ၌ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိရာတွင် အနိုင်ဂိုးသွင်းပေးခဲ့သူဖြစ်သည်။

ခရစ်အား ဘရာဇီးအသင်းက ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် ဆာယိုပေါ်လို၌ ဘိုလီးဗီးယားနှင့်ကစားမည့်ပွဲအတွက် ရွေးချယ်ထားသည်။ **(ရိုက်တာ)**

အေသင်အိုလံပစ် အမျိုးသမီးဘောလုံးအကြိုဗိုလ်လုပွဲအဖြစ် ဩဂုတ် ၂၃ ရက်က ဘရာဇီးအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးမှ ကျော်နံပါတ် (၁၂)ဆာရာလာဆွန် ဘောလုံးသယ်ယူလာစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘရာဇီးအမျိုးသမီးဘောလုံးအသင်း အမေရိကန်အသင်းနှင့် ဗိုလ်လုရမည်

ပါထရက်စ် ဩဂုတ် ၂၄

အေသင်အိုလံပစ် အမျိုးသမီးဘောလုံးပွဲစဉ်ကို တနင်္လာနေ့ညနေပိုင်းက ကျင်းပရာတွင် အကြိုဗိုလ်လုပွဲအဖြစ် ဘရာဇီးအမျိုးသမီးအသင်းနှင့် ဆွီဒင်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ယင်းပွဲတွင် ဘရာဇီးမှ ပရီတင်ဟာက ၆၄မိနစ်တွင် ဘရာဇီးအသင်းအတွက် အနိုင်ဂိုးသွင်းပေးလိုက်ခြင်းဖြင့် ဘရာဇီးအမျိုးသမီးအသင်းသည် ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဗိုလ်လုပွဲတွင် ဘရာဇီးအမျိုးသမီးအသင်းသည် လာမည့်ကြာသပတေးနေ့တွင် အမေရိကန်အမျိုးသမီးဘောလုံးအသင်းနှင့် ဗိုလ်လုကြမည်ဖြစ်သည်။

အမေရိကန်အမျိုးသမီးဘောလုံးအသင်းသည် ဂျာမနီအမျိုးသမီး ဘောလုံးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ **(ရိုက်တာ)**

အမျိုးသားသံပြားဝိုင်းပစ် ဟန်ဂေရီမှ ရောဘတ်ဗိုလ်စွဲ

အေသင် ဩဂုတ် ၂၄

ဟန်ဂေရီမှ ရောဘတ်ဖာဇီကက်စ်သည် အေသင်အိုလံပစ်အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် တနင်္လာနေ့က ရွှေတံဆိပ်ဆွတ်ခူးသွားခဲ့သည်။

၎င်းသည် ၇၀ ဒသမ ၉၃ မီတာအကွာအဝေးသို့ သံပြားဝိုင်းကို ပစ်လွှတ်နိုင်ခြင်းဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

လစ်သူယေးနီးယားမှ ဘာဂေးလီဂျပ်အယ်လက်နားသည် ၆၉ ဒသမ ၈၉ မီတာသို့ ပစ်လွှတ်နိုင်ခြင်းဖြင့် ဒုတိယငွေတံဆိပ်ရရှိခြင်းဖြစ်သည်။

ဟန်ဂေရီမှ ဇိုလ်ကိုဗာရိက ၆၇ ဒသမ ၀၄ မီတာသို့ ပစ်လွှတ်နိုင်ခြင်းဖြင့် တတိယကြေးတံဆိပ်ဆွတ်ခူးသွားသည်။ **(ရိုက်တာ)**

ရိုမေးနီးယားအမျိုးသမီး တုတ်ထောက်ခုန်တွင်ရှုံးရ

အေသင် ဩဂုတ် ၂၄

ရိုမေးနီးယားမှ မိုနီကာရိုဆူးသည် အေသင်အိုလံပစ် အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲတွင် တနင်္ဂနွေနေ့က ရွှေတံဆိပ်ဆွတ်ခူးသွားသည်။၎င်းသည် အသက်(၁၇)နှစ်အရွယ်သာရှိသည်။

ယင်းပြိုင်ပွဲတွင် အမေရိကန်မှ အင်နီကာဟက်ချ်က ဒုတိယငွေတံဆိပ် ဆွတ်ခူးခဲ့ပြီး ရုရှားမှ အန်နာပဗ်လိုဗာက တတိယကြေးတံဆိပ် ရရှိသွားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

A.G.T.I / GTC (Civil)
A.G.T.I / GTC (Mechanical)
A.G.T.I / GTC (Electrical)

ချမ်းမြေ့ရိပ်သာကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်း၏ (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ပွဲကို ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ကကြီးမှူး၍ ၁၃၆၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက် (စက်တင်ဘာ ၁၂ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်သည်။ ပင့်သံဃာတော် အပါး၁၅၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ယင်းနေ့နံနက် ၈နာရီမှစ၍ အလှူရှင်များကိုယ်တိုင် သင်္ကန်းကပ်လှူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

Aircon., Express Seat
Ph: 376435, 249968, 723686, 241001 to 241007

သင်ရှေ့ဆိုင်ဖွင့်လိုပါသလား?

ပြန်ကြားရေးဝန်ကြီးဌာနတွင် အသုံးပြုရန်လိုအပ်သောပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင်အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(1)	Spares for 9 Base Station TV TX	(1) Set
(2)	Spares for Computer & Networking	(1) Set
(3)	အသံလွှင့်လုပ်ငန်းသုံး Tape များ	(8)Items
(4)	ရုပ်မြင်သံကြားလုပ်ငန်းသုံး Tape များ	(3)Items
(5)	ရုပ်မြင်သံကြားလုပ်ငန်းသုံးစက်ပစ္စည်းများ	(3)Items
(6)	10.W TV TX Complete Set	(4) Sets
(7)	အသံလွှင့်လုပ်ငန်းသုံးစက်ပစ္စည်းများ	(12)Items
(8)	Radio Studio Digitalization Equipment for Studio(E)	(1) Set
(9)	Plain Paper Copier A_3	(2) Nos
(10)	Copy Printer(2 Paper Tray)	(1) No
(11)	Digital Photo Copier(18.Copier A_3.Size)	(1) No

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(1)	Camera(28 to 90mm Wide Zoom Lens with Case)	(20) Nos
(2)	Flash Gun	(20) Nos
(3)	TV Receiver(29")(Multi Colour)	(10) Nos
(4)	TV Receiver(21")(Multi Colour)	(10) Nos
(5)	Radio Cassette Recorder(130-Watts)	(10) Nos
(6)	Video Cassette Player(23 Watts)(240.V)	(10) Nos
(7)	Video Compact Disc Player	(65) Nos
(8)	Generating Set(2 KVA)	(24) Nos
(9)	Air Conditioner(1 HP)(Window Type)	(10) Nos

(ဂ) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(1)	Wire Stitching Machine	(4) Nos
(2)	Air Conditioner(1.5HP)(Window Type)	(7) Nos
(3)	Battery Charger	(1) No
(4)	Clip on Amperer Meter(1to1000A)	(1) No
(5)	Plain Paper Copier	(2) Nos

(ဃ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(1)	Computer e-Mac	(14) Nos
(2)	Computer Pentium IV	(3) Nos
(3)	Laser Printer A_4	(7) Nos
(4)	Laser Printer A_3	(10) Nos
(5)	Dot Matric Printer A_3	(5) Nos
(6)	Scanner A_3	(5) Nos
(7)	Cutting Machine	(3) Nos
(8)	Generator	(1) No

(င) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(1)	TV Receiver-21"(Multi Colour/HiFi) & Video Cassette Recorder(HiFi)	(12) Sets
(2)	35 mm Fuji Colour Negative Film(400')	(200)Rolls

၂။ တင်ဒါပေးသွင်းမှုကို ၃-၉-၂၀၀၄ ရက် ၁၆:၃၀ နာရီတွင် ပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊၂၄၅၆၄၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကိုဌေးအောင်၏နိုင်ငံကူးလက်မှတ်အမှတ် ၁၇၉၅၅၆ စာအုပ်ပြွန်တန်ဆာနှင့် ပဲခူးမြို့အကြား ခရီးသွားစဉ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ကိုဌေးအောင် ဖုန်း-၅၇၃၁၁၅။

အမည်ပြောင်း

ဦးကျော်ရွှေ၏သား၊ အထက(၁) ဘားအံမြို့အဋ္ဌမတန်း(င)မှ မောင်စောဟိန်းထက်ကျော်အား မောင်စောသိန်းထွန်းဇော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်စောသိန်းထွန်းဇော်။**

LEARNERS
LEVEL 1,2,3,4
EJU
218
Ph : 245790



ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

နွားထိုးကြီး ဩဂုတ် ၈

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ဇူလိုင် ၁၇ရက်က မြို့မစည်ပင်သာယာ ဈေးအတွင်းအပြင်ရှိ ရေမြောင်းများ မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးတင်မောင်အေးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(၂၁၃)

သရက်ခရိုင်နှင့် မြို့နယ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်

သရက် ဩဂုတ် ၈

သရက်ခရိုင်နှင့် မြို့နယ် ပထမအကြိမ် စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ပထမပြန်စာမေးပွဲအောင်လက်မှတ် ဆက်ကပ်ပွဲနှင့် ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားကို သရက်မြို့ သရက်ခရိုင်ခန်းမတွင် ဩဂုတ် ၁ရက်က ကျင်းပရာ ဆရာတော်သံဃာတော်များအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်း(**ဝဲပုံ**)၊ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကိုကိုသန့်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် သရက်မြို့နယ်ရှိ ကျောင်းထိုင်ဆရာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် စာသင်တိုက်ခြောက်တိုက်သို့ ဆွမ်းဆန်၊ ဆား၊ ဆီနှင့် ဆေးစုစုပေါင်း တန်ဖိုးကျပ် ကိုးသိန်းနှစ်သောင်းကျော်ဖိုးလှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အကြိမ် (၈၀)မြောက် သွေးလှူဒါန်း



ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း ဒေါပုံမြို့နယ်နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်းဓာတ်တော်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာ လင်္ကာရ (လူမှုထူးချွန်ဒုတိယဆင့်) **(အပေါ်ပုံ)** သည် ဩဂုတ် ၁၉ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် အကြိမ်(၈၀)မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

(က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များပျိုးထောင်ထားရှိမှုကို ဩဂုတ် ၁၆ရက် တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းရင်တို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

မြို့မ ပရိယတ္တိစာသင်တိုက်ကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေများလက်ခံ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အင်းတော် ဩဂုတ် ၈

ကသာခရိုင် အင်းတော်မြို့ မြို့မပရိယတ္တိစာသင်တိုက် နှစ်ထပ်အုတ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ပထမအကြိမ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့မဆရာတော် ဘဒ္ဒန္တကုဏ္ဍသိရီက ဩဝါဒကထာမြွက်ကြားကာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ အလှူရှင် ၇၁ဦးတို့က လှူဒါန်းငွေကျပ် ၁၄၅၆၀၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အလှူငွေများ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ကြသည်။

(၁၃၃)



စုပေါင်းစိုက်ပျိုး

ဆိပ်ဖြူမြို့နယ် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဩဂုတ် ၁၅ရက်က ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်နှင့် ဝန်ထမ်းများ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

ဖားကန့် ဩဂုတ် ၁၀

ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာတွင် ဩဂုတ် ၂ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ နမ္မဖြစ်ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းအင်အား ၁၀၀ကျော်ဖြင့် ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၂၀၀ခန့်ကို မိုးရာသီကာလ ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ထုံးများဖြူးခြင်းနှင့် အင်ဂျင်ဝိုင်များ ဖျန်းခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်ဇေယျက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြီးကြပ်ဆောင်ရွက်

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေလင်းယုန်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျောင်းကျန်းမာရေးဟောပြော

မော်လမြိုင်ကျွန်း ဩဂုတ် ၁၅

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲနှင့် ကျောင်းကျန်းမာရေး စစ်ဆေးပွဲကို ဩဂုတ် ၁၃ရက်က မော်လမြိုင်ကျွန်းမြို့ ၁၄လမ်း မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယု၊ အသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းနှင့် အဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ကျန်းမာရေးစစ်ဆေး

ထို့နောက် ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာအေးအေးမော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းကျန်းမာရေးအကြောင်း သိကောင်းစရာများကို အခန်းကဏ္ဍအလိုက် ဟောပြောကြပြီး ကျောင်းအုပ်ဆရာကြီး ဦးဟန်မြင့်နှင့် ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကျောင်းသူကျောင်းသားတစ်ဦးချင်းကို ကျန်းမာရေးစစ်ဆေးပေးကြသည်။

ပညာပေးဟောပြော

ဆက်လက်ပြီး ကျောင်းကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာအေးအေးမော်နှင့်အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသူကျောင်းသားများအား ကျောင်းကျန်းမာရေး ပညာပေး ဟောပြောပြီး ကျန်းမာရေး စစ်ဆေးပေးကြသည်။

(ဝ၉၇)

ဇူလိုင်၃၁ရက်က သနပ်ပင်မြို့နယ် မြို့မစည်ပင်သာယာဈေးကြီး အတွင်းရှိ ကုန်စိမ်းရုံတန်း မြေသားလမ်းအား ရေစီးရေလာ ကောင်းမွန်ရေးနှင့်သန့်ရှင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်ခင်းခြင်းကို ဈေးသူဈေးသားများစုပေါင်းဆောင်ရွက်ကြရာ သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဈေးတာဝန်ခံ ဦးဆန်းကျော်ဦးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၃၄၇)

ဩဂုတ် ၁၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ လေယာဉ်ကွင်း လမ်းလယ်ကျွန်း ပန်းအလှ ပြုပြင်ခြင်းနှင့် လမ်းဘေးဝဲယာချုံနွယ်များသန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်ကျော် နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၆–၈–၂၀၀၄(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး
(နုရေင်န်ပုစွန်မွေးမြူရေး)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ရဲရဲရင်ဆိုင်ဖြတ်သန်း
(ချစ်နိုင်–စိတ်ပညာ)
(၂)ခင်ပပမြိုင်(မောင်သိန်းဆိုင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(ရှေ့လာမည့်နှစ် ၅၀ အကြောင်း ပထမပိုင်း–မောင်ဆုရှင်)
၁၂း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(မိုးကျလက်ဖက်သုပ်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတရေးရာဖြေကြားလွှာ
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ
(မျက်မှန်ကလေးတစ်လက်)
၁၉း၄၀ ဟန်မျိုးစုံညီတေးကိုသီ
(မိသားစုကန်တော့ပွဲ)

ပန်းအလှစိုက်ပျိုး

မိုးကောင်း ဩဂုတ် ၉

မိုးကောင်းမြို့ စိမ်းလန်းစိုပြည်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးအေးမြင့်နှင့် ဝန်ထမ်းများသည် ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက် ပန်းခုံများတွင်ပန်းအလှပင်များအစားထိုး လဲလှယ်ခြင်းနှင့် အသစ်ထပ်မံစိုက်ပျိုးခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ရေဦးမြို့နယ်တွင် စပါး၊ ငါးစီမံကိန်းအောင်မြင်ရေး စပါးခင်းတွင် ငါးသားပေါက်များစိုက်ထည့်မွေးမြူ

ရေဦး ဩဂုတ် ၁၈

စပါး၊ ငါးစီမံကိန်းအောင်မြင်ရေးအတွက် စပါးခင်းများတွင် ငါးသားပေါက်များ စိုက်ထည့်မွေးမြူသည့် အခမ်းအနားကို ဩဂုတ် ၁၃ ရက်က ရေဦးမြို့နယ် ရွာမိဿာကျေးရွာအုပ်စု ကွင်းအမှတ် (၂၁၆၆) မှ ဦးတင်အောင် အပါအဝင် တောင်သူ ခြောက်ဦးတို့၏ စပါး၊ ငါးမွေးမြူမည့် လယ်မြေကွက်များတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ စစ်ကိုင်းတိုင်း ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးပိုင်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စပါး၊ ငါးမွေးမြူကြသည့် တောင်သူများက စပါးစိုက်လယ်မြေ ၂၀ဒသမ၈၆ ဧကအတွင်းသို့ ရွှေဝါငါးကြင်း၊ တီလားဗီးယားနှင့် ငါးခုံးမကြီး စသည့် ငါးသားပေါက်ကောင်ရေ ၂၀၉၆၀ ကို စိုက်ထည့်မွေးမြူကြကြောင်းသိရသည်။ **(အပေါ်ဝဲပုံ)** **(၃၇၈)**

နမ့်ခမ်းမြို့နယ်တွင် ပန်းတိုင်သစ် စာကြည့်တိုက်ဖွင့်

နမ့်ခမ်း ဩဂုတ် ၁၂

နမ့်ခမ်းမြို့နယ် နောင်ခန်ကျေးရွာတွင် ပန်းတိုင်သစ် စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက ကျေးရွာစုပေါင်း ဇရပ်သစ်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းယီအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာကြည့်တိုက်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ အလှူရှင်များက စာအုပ်၄၃၂ အုပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်စိုး မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပျိုးဥယျာဉ်ပြင်ဆင် တည်ဆောက်ပြီးစီးမှုနှင့် ပန်းအလှပင်၊ အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုနှင့် မြေချစိုက်ပျိုးမှုတို့ကို ဩဂုတ် ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၃

မြစ်ကြီးနားမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပစေရေးအတွက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇူလိုင် ၂၈ ရက်က ရောဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများအားဆောင်ရွက်ကြသည်။ အဆိုပါ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများလုပ်ငန်းဆောင်ရွက်မှုကို ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေ ကကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် သတင်းနှင့် မြင်ကွင်း

ပန်းအလှစိုက်ပျိုး

ဩဂုတ် ၁၂ရက်က မန်စီမြို့တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေနှင့် ဝန်ထမ်းများ ရုံးအတွင်း ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့တွင်းလမ်းများရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများစုပေါင်းတူးဖော်

တောင်တွင်းကြီး ဩဂုတ် ၁၀

တောင်တွင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးဝဲယာရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်က မောင်းတိုင်(၁)ရပ်ကွက်ရေစက်လမ်းဘေးဝဲယာ ရေနုတ်မြောင်းများတူးဖော်ခြင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မောင်းတိုင် (၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်းသိန်းနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ ဆောင်ရွက်ကြကြောင်းသိရသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

သထုံမြို့ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

သထုံ ဩဂုတ် ၅

သထုံမြို့နယ်နောင်ကုလားရှမ်းရွာ တွဲဖက်အခြေခံပညာ အထက်တန်း ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက်က နောင်ကုလားရှမ်းရွာ တွဲဖက် အခြေခံပညာ အထက်တန်း ကျောင်း သဇင်ဆောင်တွင် ကျင်းပသည်။

ဂုဏ်ပြုလွှာပေးအပ်

ရှေးဦးစွာ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် အမေဖျော့က သထုံ မြို့နယ်ပညာရေးမှူး ဦးတင့်ဇော်ထူးအား ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး ကမ္ဘာ့ရွာ ကျေးလက်စာကြည့်တိုက်ဖွင့် စေတနာရှင်များ စာအုပ်နှင့်အလှူငွေများ လှူဒါန်းနိုင်

မင်းဘူး-စကု ဩဂုတ် ၁၆

မကွေးတိုင်း မင်းဘူးစကုမြို့နယ် လက်ခုပ်ပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးကမ္ဘာ့ရွာ ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက လက်ခုပ်ပင်ရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘာ့ရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဦးဟန်ထွန်း (ထွန်းညို-စကု)၊ စကု အမှတ်(၁) ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးစိန်ရွှေမင်း၊ လက်ခုပ်ပင်ရပ်ကွက်ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးဝင်းနိုင်၊ နာယကအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အေးညွန့်(ပညာရေး-ငြိမ်း)၊ ဒေါ်သန်းညွန့်(ကျောင်းအုပ်ကြီး-အမက)၊ ဦးမောင်မောင်ဌေးနှင့် ဘဏ္ဍာရေးမှူး ဦးကျော်မင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကမ္ဘာ့ရွာ စာကြည့်တိုက်အား မင်းဘူး-စကုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်လွင်နှင့် စကု အမှတ်(၁)ရပ်ကွက် ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကမ္ဘာ့ရွာ ကျေးလက်စာကြည့်တိုက်တွင် သုတ၊ရသ စာအုပ်မျိုးစုံ ၆၀၀ကျော် လက်ခံရရှိပြီးဖြစ်သည်။ စာအုပ်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၀၆၅-၂၁၅၀၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၄၈)**

ဩဂုတ် ၁၆ ရက်က ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍(၁၁)လမ်း တြိဂံကျွန်းပန်းခြံ အတွင်းမြက်စိုက်ပျိုးခြင်း၊ မြေခင်းအလှပြုပြင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးသန်းဇော်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကုန်ပစ္စည်းများသတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချ ဈေးတွင်းဈေးပြင်သန့်ရှင်းရေးအလေးထားဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၂ ရက်က နံနက် ၇ နာရီမှ စတင်၍ ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ပြီး ဈေးရောင်းဈေးဝယ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကမ္ဘာအေးစေတီလမ်း နဝဒေးကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံးဘေးရှိ ရန်ကင်း ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး **(အပေါ်ယာပုံ)** တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင် ထုတ်လုပ်သူ များ၏ အခွန်လွတ်ဈေး၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ဒဂုံမြို့နယ် ပန်တျာလမ်းရှိ ပန်တျာကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့သို့ လှည့်လည် သွားရောက်၍ ဈေးများအတွင်း ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်နယ်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ ဟင်းသီးဟင်းရွက်၊ သား၊ ငါးနှင့် ကြက်ဥ အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကြီးမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ကြက်ဥ အရောင်းဆိုင်များ၊ ကိုယ်တိုင်စိုက်ပျိုး မွေးမြူထုတ်လုပ်သူများ၏ ဟင်းသီးဟင်းရွက်နှင့် သား၊ငါး အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်နှင့် ဆီကုန်သည်များ အသင်းမှ စားသုံးဆီ အရောင်းဆိုင်များ၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှ ရေချိုငါးမျိုးစုံ အရောင်းဆိုင်၊ ငွေပင်လယ်၊ မြန်မာမန်းနှင့် အဏ္ဏဝါ ရေလုပ်ငန်း ဦးပိုင်လီမိတက်တို့မှ ပင်လယ်ငါးမျိုးစုံ အရောင်းဆိုင်များ၊ စွမ်းအင်ဝန်ကြီးဌာနမှ ဖယောင်းတိုင် အရောင်းဆိုင်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များမှ ဈေးရောင်းချမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်း ပြသကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ၌ ကုန်ပစ္စည်းများကို သတ်မှတ်ထားသည့် ဈေးနှုန်းများ အတိုင်း ရောင်းချရေး၊ သန့်ရှင်းလတ်ဆတ်ရေး၊ ဈေးတွင်းဈေးပြင် သန့်ရှင်းရေး၊ ဈေးဆိုင်တိုင်း၌ အမှိုက်ပုံးများထားရှိရေးနှင့် ဈေးအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၂၅ရက်က အမှတ် ၉၄၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ရင်ရင် စိန်ရတု မွေးနေ့အထိမ်းအမှတ် အဖြစ်အလှူ ငွေကျပ် နှစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိ စာသင်တိုက် သုဒဿန လမ်း၁၆/၂ရပ်ကွက် သဃ်ၤန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက် လှူဒါန်းရာ ဘဏ္ဍာရေးမှူးဒေါ်ဥမ္မာစိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)





မွေးနေ့မင်္ဂလာဆုတောင်း

စိုးမမအေး(မီးမီး) (တူဒေးစာအုပ်ဆိုင်၊ ကော့သောင်း)၏ ၂၀-၈-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ ရာသက်ပန် စိတ်ချမ်းမြေ့ပျော်ရွှင်နိုင်ပါစေ။

ချစ်ဖေဖေ-ဦးပေါ်အေး
ချစ်မေမေ-ဒေါ်ထွေးမြိုင်
ကိုကိုကြီး- ဦးခင်မောင်အေး (အေးရိပ်မွှန် ညေ့ရိပ်သာ)
မမကြီး-ဒေါ်ညွှန့်ညွှန့်အေး (တူဒေးစာအုပ်ဆိုင်)
ကိုကိုလတ်-ဦးဝင်းနိုင် (အေးရိပ်သာ ညေ့ရိပ်မွှန်)
မမ-ဒေါ်ညွှန့်ညွှန့်ဌေး (အမက မာရမ်းရပ်ကွက်)

အမည်ပြောင်း

တောင်ကြီးတက္ကသိုလ် တတိယနှစ် ဇီဝ(နည်းပညာ)မှ ခုံအမှတ် 3BT-2 မသွယ်ရီကြူအား မမေကြူ ဟု ပြောင်းလဲခေါ်ပါရန်။

မမေကြူ။

ရေကူးသင်တန်း

တက္ကသိုလ်များ ရေကူးကန်
သထုံလမ်း။
☎ -513109

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
နှိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

(Sealed Tender)

1.	12(T)17/MR(ML) 2004-2005	Spare Parts for Diesel Electric Locomotives & Diesel Hydraulic Locomotives	1-Lot

မန္တလေး ထူးထူး
မြန်မာထမင်းဆိုင်

မြန်မာထမင်း ဟင်း ကောင်းကောင်း

သုံးဆောင်လိုသော မိတ်ဟောင်းမိတ်သစ်များအတွက် မန္တလေး ထူးထူး မြန်မာထမင်းဆိုင်ကို စမ်းချောင်း - ရန်ကုန်ဘူတာကြီးတွင် နေ့စဉ် နံနက် (၁၁:၀၀) နာရီ မှ ည (၈:၀၀) နာရီ အထိ ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပါပြီ။

(အစားအစာများကိုလည်းသုံးဆောင်နိုင်ပါသည်။)

စမ်းချောင်း - ရန်ကုန်ဘူတာကြီး
ဖုန်း - ၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၀၀

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
ဦးထွန်းရင်ဦး (ရမ်းဗြဲ-ကျောက်နီမော်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၊ သိရီမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေ ဒေါ်စိန်ခိုင်(ရွှေဗဟိုစည်)၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းရင်ဦး(၆၈)နှစ်သည် ၃-၈-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်လှိုင်၊ ကိုလှမြင့်ဦး-မဝင်းဝင်းလှိုင် မြေပုံမြို့။

ဖခင်အမည်မှန်

မော်ဘီမြို့နယ် မြောင်းတကာ အထက ဒသမတန်း(ဂ)မှ မောင်ချမ်းမြေ့ကျော်၏ဖခင် ဦးအောင်ဖေ အစား ဦးဝင်းကျော်ဌေးဟု ပြောင်းလဲခေါ်ပါရန်။ **ဦးဝင်းကျော်ဌေး။**

ကျေးဇူးတင်ရှိခြင်း

(၁၉-၈-၂၀၀၄)ရက် ကြာသပတေးနေ့တွင် ကွယ်လွန်သွားသော ဦးတင်အုန်း အသက် (၈၀) (ပုလဲ စာပေ-တောင်တွင်းကြီး) မကျန်းမာစဉ် ပြုစုကုသပေးသည့် ဗဟိုစည်ဆေးခန်းမှ ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ တယ်လီဖုန်းဖြင့် သတင်းမေးမြန်းကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများ၊ မေးမြန်းလိုက်ပါ ပို့ဆောင်ကြသည့် တောင်တွင်းကြီးမြို့နယ် အသင်းသူအသင်းသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ နှစ်သိမ့်အားပေး ကူညီဆောင်ရွက်ကြသူများ၊ မော်တော်ယာဉ်များဖြင့် ကူညီကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဖခင်အမည်မှန်

အထက(၃)အင်းစိန်၊ဒသမတန်း (B)မှ မောင်ထွန်းလင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးစံရွှေ၁၂/အစန(နိုင်)၁၂၉၈၄၃ ဖြစ်ပါသည်။

ဦးစံရွှေ။

အမည်ပြောင်း

ကော့ကရိတ်မြို့ အထက(၁) ဒသမတန်း(က)မှ ဦးစိုးသိန်း၏သမီး မဝင်းမိုမိုသိန်းအား သန်းခေါင်စာရင်းအရ မဝင်းမိုမိုဟု ပြောင်းလဲခေါ်ပါရန်။

မဝင်းမိုမို။

အထက(၅)ဗိုလ်တထောင်
မိဘဆရာအသင်းနှစ်ပတ်လည်ညီလာခံ
ဂုဏ်ပြုပွဲနှင့်အလှူငွေပေးအပ်ပွဲ
အခမ်းအနားဖိတ်ကြားခြင်း

၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်ညီလာခံ၊ တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲ၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ပွဲနှင့်အတူ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များ၊ ကျောင်းသားမိဘများ၊ ဂုဏ်ပြုခံကျောင်းသားကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၈-၈-၂၀၀၄ (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉:၀၀နာရီ
ကျင်းပမည့်နေရာ - အထက (၅) ဗိုလ်တထောင် ကျောင်းခန်းမ

(ဂုဏ်ပြုခံကျောင်းသားကျောင်းသူများ နံနက် ၈:၀၀နာရီအရောက် သတင်းပို့ပါရန်)

အမှုဆောင်အဖွဲ့
မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင်
ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ (က) ကျင်းပမည့်နေ့ ၁၇-၁၀-၂၀၀၄ (တနင်္ဂနွေနေ့)
(ခ) ကျင်းပမည့်အချိန် (နံနက်ပိုင်းအစီအစဉ်) (၁) နံနက် ၉:၀၀နာရီ
- မဟာဘွဲ့များအားလုံး
- ဒီပလိုမာဘွဲ့ (အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ)
- ဂုဏ်ထူးဘွဲ့များအားလုံး (စနစ်ဟောင်း)
- ဂုဏ်ထူးဘွဲ့များအားလုံး (စနစ်သစ်)
- ဥပဒေဘွဲ့ (၉၆အောင်)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၉၇အောင်) (အထူးပြုအားလုံး)

(မွန်းလွဲပိုင်းအစီအစဉ်) (၂) မွန်းလွဲ ၁၄:၀၀နာရီ
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၉၈အောင်) (အထူးပြုအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၉၉အောင်) (အထူးပြုအားလုံး)

(ဂ) ကျင်းပမည့်နေရာ ဘွဲ့နှင်းသဘင်ခန်းမ ရန်ကုန်တက္ကသိုလ်

(ဃ) အစမ်းလေ့ကျင့်ခြင်း
နေ့ရက် ၁၅-၁၀-၂၀၀၄(သောကြာနေ့)
အချိန် နံနက် ၉:၀၀နာရီ
နေရာ ဘွဲ့နှင်းသဘင်ခန်းမ ရန်ကုန်တက္ကသိုလ်

(င) အစမ်းလေ့ကျင့်ခြင်းကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း အစီအစဉ်နှစ်ခုစလုံးအတွက် နံနက် ၉:၀၀နာရီတွင် တစ်ပြိုင်တည်း ပေါင်း၍ကျင်းပပါမည်။

၃။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်ကို (၂၀၀၂-၂၀၀၃) ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ်တွင် ကျင်းပခဲ့သော နောက်ဆက်တွဲစာမေးပွဲ အပါအဝင် တတိယနှစ် (၉၇ အောင်) သင်တန်းအောင်မြင်ပြီးသူများ (၂၀၀၃-၂၀၀၄)ပညာသင်နှစ် ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်တို့တွင် ကျင်းပခဲ့သော နောက်ဆက်တွဲ စာမေးပွဲများအပါအဝင် မဟာဘွဲ့သင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်း (စနစ်ဟောင်း)၊ ဂုဏ်ထူးတန်း(စနစ်သစ်) (၉၆ အောင်)သင်တန်း၊ စတုတ္ထနှစ် ဥပဒေဘွဲ့ (၉၆ အောင်) သင်တန်း၊ တတိယနှစ် (၉၈ အောင်) သင်တန်း၊ တတိယနှစ် (၉၉ အောင်) သင်တန်း အောင်မြင်ပြီးသူများပါ လျှောက်ထားနိုင်ပါသည်။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့တက်ရောက်ယူခွင့်၊ အဝေးရောက်ဘွဲ့ လျှောက်ထားခြင်းမရှိခဲ့သူများသည် ယခုစတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ယူခွင့်သာ လျှောက်ထားနိုင်ပါသည်။

၄။ ဘွဲ့နှင်းသဘင် တက်ရောက်၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား တင်ပြတောင်းယူလျက် ပတ်စ်ပို့ဓာတ်ပုံ (၂"x၁ $\frac{၁}{၂}$") အရွယ်နှစ်ပုံ ပူးတွဲကာ ဘွဲ့တက်ရောက်ယူမည့်သူများသည် ကျပ် ၁၅၀၀ (ကျပ် တစ်ထောင့်ငါးရာတိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း ငွေလက်ခံဌာနသို့ ပေးသွင်း လျှောက်ထားကြရမည်။

၅။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို "ငွေလက်ခံဌာန၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်မြို့" လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ပြီး အောက်ခြေတွင် "လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့် ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာ၊ တက္ကသိုလ်အမည်" စသည်တို့ကို တိကျစွာဖော်ပြရမည်။

၆။ ရန်ကုန်တိုင်းအတွင်းမှ မှတ်ပုံတင်ငွေပို့လွှာဖြင့် လျှောက်ထားခြင်းကို လုံးဝခွင့်မပြုပါ။

၇။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို (၁၆-၈-၂၀၀၄)ရက်နေ့မှ (၁၅-၉-၂၀၀၄)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၈။ ဘွဲ့ဝတ်စုံများကို (၇-၁၀-၂၀၀၄)ရက်နေ့မှ စတင်၍ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာရှိ "သီဂီရွှေရည်" ဓာတ်ပုံဆိုင်တွင် ရုံးချိန်အတွင်း ထောက်ခံစာတင်ပြ၍ ငှားရမ်းထုတ်ယူနိုင်ပါသည်။

၉။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန၊ တယ်လီဖုန်းအမှတ်-၀၅၆-၂၁၈၆၁၊ ၀၅၆-၂၁၈၆၂တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သန်းမြင့်
မော်ကွန်းထိန်း
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ဏ/၃၁၅၈၊တိုယိုတာဒိုင်နာ၊ လိုက်ထရပ်ယာဉ်၏ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံးသွားပါသဖြင့် ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (ဟသ်ာတ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ခရိုင်ရုံး) ဟသ်ာတ။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ်၁က/၈၉၇၄ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအန်ဇန်း ၁၃/တကန(နိုင်)၀၁၇၄၀၀က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀ အတွင်း ကညန၊ခရိုင်ရုံး (လွိုင်လင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(လွိုင်လင်)လွိုင်လင်မြို့။

ရောင်းရန်ကြော်ငြာ
တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၆၆
ပုဇွန်တောင်မြို့နယ်တရားရုံး
၂၀၀၁ ခုနှစ် တရားမဇာရီမှုအမှတ်(၄)

ဦးလှအောင် **နှင့်** မောင်ဇင်လင်းမောင် (ကွယ်လွန်သူ ဦးထွန်းရင်၏ တရားဝင်ကိုယ်စားလှယ်) (၎င်း၏အုပ်ထိန်းသူ ဦးအောင်ဆန်းမောင်)

အနိုင်ဒီကရီရသူ **တရားရှုံး**

ပုဇွန်တောင်မြို့နယ်တရားရုံး ၁၉၉၈ ခုနှစ် တရားမကြီးမှုအမှတ်(၅)အမှုတွင် ၂၉-၈-၂၀၀၁ ရက်စွဲပါ ဒီကရီအတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းများအား ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၉ရက်(၁၃၆၆ခုနှစ် တော်သလင်းလဆုတ် ၁ ရက်)နေ့ နံနက် ၁၁ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာ နေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

(က) ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဦးရွှေဂွန်းလမ်း၊ အိမ်အမှတ် ၂၅ ဟုခေါ်တွင်သော ကြေးတိုင်အမှတ် (၈) ရပ်ကွက်၊ ၇/ဒီ၊ မြေကွက်အမှတ် ၁၁၉၊ မြေဧရိယာ $\frac{၄၄.၈}{၄၅.၉} \times \frac{၂၆}{၂၈}$ ရှိ နှစ်ခန်းတွဲ သုံးလွှာ၊ ခြောက်ထပ်၊ ဟောင်ကောင်ပုံစံအဆောက်အအုံ၏ ဝဲဘက် ခေါင်းရင်းခြမ်း၊ ဒုတိယအလွှာ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်များအားလုံး။

(ခ) ၎င်းအခန်းတွင် လက်ရှိ အိမ်ငှားများ နေထိုင်လျက်ရှိပါသည်။

(ဂ) ပစ္စည်းရောင်းချရန်အတွက် ကြမ်းခင်းဈေးမှာ ငွေကျပ်သိန်း ၁၃၀ (သိန်းတစ်ရာသုံးဆယ်တိတိ)ဖြစ်ပါသည်။

ရောင်းချရန်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ခုအတွက် ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည် မဟုတ်ပါ။

၂။ ဈေးနှုန်း အမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၃။ လေလံရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်တည်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၄။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၅။ လေလံရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၂၀၀၄ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

တင့်လွင်-မြို့နယ်တရားသူကြီး၊
ပုဇွန်တောင်မြို့နယ်တရားရုံး။

မခင်လေးနွယ်
အသက်(၃၄)နှစ်

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၃၈)လမ်း လှည်းတန်းရပ်နေ ဒေါ်တင်ဦး၏ မြေး၊ မုံ့တီစုရပ်ကွက် (၅၃၄)၊ အိမ်အမှတ် (၁၅၂/က)နေ ဦးသန်းဆွေ-ဒေါ်အုန်းခင်တို့၏ သမီး၊ ရန်ကုန်မြို့နေ ဦးကြည်အောင်-ဒေါ်ခင်စန်းဝင်းတို့၏သမီးချွေးမ၊ ဦးကျော်စိန်၊ ဒေါ်ဖြူဖြူအောင်၊ ဒေါ်အုန်းကြင်၊ ဦးရန်နိုင်၊ ဒေါ်တိုးတိုးတို့၏တူမ၊ ကိုလင်းလင်းဦး မခင်လေးသွယ်၊ ကိုဖုန်းလင်းအံ့၊ မအိအိစံတို့၏ အစ်မ၊ မမျိုးချစ်စု၊ မအေးငြိမ်းစုတို့၏ မိခင်၊ ရန်ကုန်မြို့နေ ဦးနေမျိုးအောင် (Chief Audit Officer KBZ Group Co., Ltd.)၏ဇနီး မခင်လေးနွယ်သည် (၂၂-၈-၂၀၀၄)ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကွယ်လွန်သွား ပါ၍ ၂၃-၈-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့ မုံ့တီစုရပ်နေအိမ် မှ တောင်မြင့်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးသွင်
ယုဇနပလာဇာ (အုပ်ချုပ်ရေးမှူး)
အသက်(၆၄)နှစ်

၂၁-၈-၂၀၀၄ ရက် (စနေနေ့)တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်သန်းထူး
ဒေါ်သင်းသင်းကြိုင်။

မြိတ်အသင်း
ဦးအေးလွင် (မြိတ်)
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ ၉၄လမ်း၊ အမှတ် ၅၅ နေ (ဦးတင်မောင်)-ဒေါ်ဖူးကျင်တို့၏ သား၊ ဒေါ်ကြည်မြင့်၏ခင်ပွန်း ဦးအေးလွင် မြိတ်အသင်းအမှုဆောင်၊ ရာသက်ပန်အသင်းဝင်အမှတ်(၉၀၆)သည် ၂၁-၈-၂၀၀၄ရက် နံနက် ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်ပါ၍ ၂၃-၈-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး
ဦးမောင်မောင်ခဆွေ(ခ)Carl
Managing Director, Integrated Marketing Ltd., Vice President, Focus Energy Ltd.,
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ၂၄/G၊ ပြည်သူ့လမ်း၊ပြည်လမ်းနေ ဒေါ်အေးအေးစိုး (Director Y.I.E.C)၏ခင်ပွန်း၊ မကေခိုင်ခ(Olivia Kha)၊ မောင်အာကာခ (Raymond Kha)တို့၏ဖခင် ဦးမောင်မောင်ခဆွေ(ခ) Carl ကွယ်လွန်သွားခြင်းကို မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုမြတ်ကျော်-မစန္ဒာ၊အန်တီဖြူ၊
Royal Diamond စိန်ဆိုင်မိသားစု။

အထူးကျေးဇူးတင်ရှိခြင်း

၁၉-၈-၂၀၀၄ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသော သီရိပျံချီ ဦးကြည်မောင်(အငြိမ်းစားဗိုလ်မှူးကြီး) ဘီစီ-၃၅၁၆ နာမကျန်းဖြစ်စဉ် ဆေးဝါးကုသပေးခဲ့သော ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်စု (မုတ္တမ)
အသက်(၇၃)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ (၃)ရပ်ကွက်၊ စံပါယ်လမ်း၊ အမှတ် ၄၈၆နေ (ဦးရွှေမောင်-ဒေါ်ဖွားတင်)တို့၏သမီး၊(ဦးချစ်သောင်း၊ ကြီးကြပ်ရေးမှူး၊ ရန်ကုန်တိ-ဥယျာဉ်)၏ဇနီး၊ ဒေါ်သန်းသန်း(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၊ဗိုလ်ကြီးအောင်နိုင်မင်း(ငြိမ်း)-ဒေါ်ညိုညို(နန်းရှေ့ဈေး၊မန္တလေးမြို့)၊ ဗိုလ်မှူးကံထက်(မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ စက်မှုလက်မှုငွေချေးဌာန)-ဒေါ်ကြူကြူတင်၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းမြင့်(သစ်သစ်လွင် အထည်ဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ (ဦးဌေးမြင့်၊ မန်နေဂျင်းဒါရိုက်တာ၊ ရွှေကုက္ကိုဂျင်နရယ်အင်တာပရိုက်စ်)၊ ဦးထိန်နန်းမြင့် (ကျောင်းအုပ်၊ ထိပ်တန်းနှင့်ရွှေကုက္ကိုယာဉ်မောင်းသင်တန်းကျောင်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးဆန်းမြင့်-ဒေါ်စောမြချို၊ ဒုတိယအကောက်ခွန်မှူး ဦးအောင်မိုးမြင့်(အကောက်ခွန်ဦးစီးဌာန)-ဒေါ်နန်းရွှေကြာ၊ ဦးဖေအောင် (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်)-ဒေါ်စိုးစိုးမြင့်၊ ဦးတင်မောင်တိုးမြင့်-ဒေါ်လဲ့လဲ့ဝင်း၊ စုံစမ်းရေးမှူး ဦးထွန်းနေမျိုး(စစစ)-ဒေါ်ဌေးဌေးလွင်(မန္တလေးမြို့)၊ ဦးမိုးကျော်ကျော်၊ မောင်အောင်နိုင်ထွန်း(ဘူမိဗေဒ၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၂၄-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (ပုလဲမြို့သစ်နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဖွဲ့နုဆာမိ
တော်ဝင်စက္ကူစက်(စက်မှုဇုန်-၂၊ တောင်ဒဂုံ)
အသက်(၇၀)

ရန်ကုန်မြို့၊ အိမ်အမှတ် ၈၊ ၁၄၁ လမ်း၊ တာမွေမြို့နယ်နေ ဦးမွတ်တရား-ဒေါ်ဗေဒါရီတို့၏သား၊ ဦးထူးကတီး-ဒေါ်ရီရုလာရီတို့၏သားသမက်၊ ဒေါ်သီပါနိုင်၏ခင်ပွန်း၊ ဦးကနေဇာ၊ ဒေါ်ကြူကြူမာ၊ ဦးမန်းနီး၊ ဒေါ်ရင်ရွှေ၊ ဦးမူတူး၊ ဒေါ်အေးအေးနိုင်၊ ဦးရာဂျူး၊ ဒေါ်မြရွှေ၊ ဒေါ်နီလာ၊ ဦးမင်းမင်း၊ မောင်နိုင်ထွန်း၊ မောင်မင်းနိုင်၊ မောင်ဝင်းနိုင်တို့၏ဖခင်၊ မြေး ၁၆ ယောက်တို့၏အဘိုးသည် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံအအေးတိုက်မှ ရေဝေးဟိန္ဒူသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ [အမှတ် ၈၊ ၁၄၁လမ်းနေအိမ်နှင့် အမှတ် ၁၄၇၆၊ စက်မှုဇုန်လမ်း၊ တော်ဝင်စက္ကူစက်၊(၆၃)ရပ်ကွက်၊ တောင်ဒဂုံနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောကျော်ခိုင်ထွန်း(ခ) Mc Roland(ခ) Po Sweet
အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဦးအောင်ကျော်လမ်း၊ အမှတ် ၆ နေ (သိက္ခာတော်ရ ဆရာစောထွန်းဂုဏ်ကြီး-ဂျဲမဂ္ဂီသန်း)တို့၏သား၊ ဦးစောမိုက်ကယ်မြ(ခ)ဦးစောမောင်မောင်မြ-နော်ကယ်ရီမြတို့၏ သားသမက်၊ နော်အဲန်ဂျလင်းနာကြီး (UNICEF)၏မောင်၊ နော်လွယ်မူးဖော (Linfield College, USA)၊ နော်ဒေးမူးဖော(BARS Final Year)တို့၏ဖခင်၊ နော်မြမြ၏ခင်ပွန်းသည် ၂၃-၈-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၂၃-၈-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနဝန်ထမ်းများ။

ဦးနေထွန်း
ဥက္ကဋ္ဌ၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
မြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ဘိုကလေးမြို့နယ်
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အိမ်အမှတ် ၄၃ နေ ဦးကျော် (တိုင်းတရားသူကြီး၊ ငြိမ်း)-ဒေါ်တင်တင်လှတို့၏သား၊ ကျောက်ဖြူမြို့နေ ဦးတင်ဦး(တိ/မွေးကု မြို့နယ်ဦးစီးဌာနမှူး၊ ငြိမ်း)-ဒေါ်သိန်းရွှေတို့၏သားသမက်၊ ကိုဌေးဦး၊ ကိုအောင်မြင့်သိန်း၊ မအေးသီရိကျော်၊ ကိုသန်းအောင် (MGS Co., Ltd.)တို့၏ ညီ/မောင်၊ မောင်ချမ်းငြိမ်းကျော်၊ မစုစန္ဒာအောင်၊ ကိုဇော်လင်းထွန်း၊ မဝင်းမင်းသန်းတို့၏အစ်ကို၊ဒေါ်ခင်ထွေးယု၏ခင်ပွန်း၊မောင်သိဒ္ဓိအောင်၏ဖခင်သည် ၂၃-၈-၂၀၀၄ရက် ည ၉နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက်တွင် ဘိုကလေးမြို့၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်တင်(ခ)လျို့ဖူချိန်
(လားရှိုး)
အသက်(၇၀)

ရန်ကုန်မြို့၊တိုက် ၉၊အမှတ် ၃၀/B (တတိယလွှာ)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ ဒေါ်လှလှ(ခ)လီခင်လှ၏ခင်ပွန်း၊ (ဦးတင်ဦး)၊ ဦးတင်လတ်-ဒေါ်တင်တင်မိုး(မိုးရတနာစတိုး)၊ဦးသန်းဌေး-ဒေါ်လီလီ(ဒိုင်းမွန်းအင်ပါယာ၊ ငွေဇာ၊ ပုလဲရတနာဆိုင်)၊ (ဦးတင်ထွေး)၊ ဦးတင်ထွန်း-ဒေါ်ကောင်းကျင်ဗှာ၊ဦးတင်စိန်-ဒေါ်ရီ၊ ဦးရုံးရွှေ-ဒေါ်ရင်ရင်တို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၀-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (၃၀/B နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်ရွှေ (ကျိုက်ကော၊ဒိုက်ဦး)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊အမှတ်၁၁/၂၀၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊လှော်ကားလမ်းနေဒေါ်တင်မြ၏ခင်ပွန်း၊ ဦးအုန်းမောင်-ဒေါ်နှင်းသစ်တို့၏သား၊ ဦးတင်မောင်ရွှေ-ဒေါ်ရီရီမြင့်၊ဦးသိန်းလွင်-ဒေါ်ချယ်ရီရွှေ(Top ကြေးအိုး)၊ ဦးဇော်ဝင်း-ဒေါ်စပ္ပာယ်ဝင်းရွှေ၊ ဒေါ်သီတာမိုးရွှေတို့၏ဖခင်သည် ၂၃-၈-၂၀၀၄ရက် နံနက် ၈ နာရီတွင် ကွယ်လွန်ပါ၍ ၂၅-၈-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (မြောက်ဦး)
အသက်(၆၇)နှစ်

မြောက်ဦးမြို့ (ဦးဇနီအောင်-ဒေါ်မစော)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇေယျာဒီပလမ်း၊အကွက်(၃၁)၊အမှတ် ၁၁၇နေ ဦးဘလွင်[အမှတ်(၄)သစ်စက်၊ ဘဏ္ဍာရေးဌာန]၏ဇနီး၊ ဦးအောင်သောင်းတင်-ဒေါ်မသိန်းနုတို့၏အစ်မကြီး၊ ဦးလှသောင်း - ဒေါ်သူဇာအောင်၊ ဦးစံရွှေမောင် - ဒေါ်တိုးတိုးလွင်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၀၄ရက် နံနက် ၆ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်အေးသွယ် (နတ်မောက်)
အသက်(၈၇)နှစ်

မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ ညောင်ကျပင်ကျေးရွာနေ(ဦးတလုတ်-ဒေါ်ညိမ်)တို့၏သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၄၇၊ အခန်း ၃ နေ (ဦးချစ်)၏ဇနီး၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် သီဂိုဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံ သြဝါဒါစရိယ ဘဒ္ဒန္တနန္ဒောဘာသ၏အစ်မ၊ ဦးသိန်းအောင်-ဒေါ်မြစိန်၊ ဦးတင်ဦး(လာအိုနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး)-ဒေါ်သီတာဌေး၊ ဦးဝင်းမြင့်-ဒေါ်ညွန့်ညွန့်ဝေ(တိုင်းရင်းဆေး)တို့၏မိခင်၊ ဒေါက်တာစည်သူ-ဒေါက်တာအေးမြင့်သန်း၊ ကိုလှိုင်မိုး၊ ကိုသန့်ဇင်၊ မမြမြစိုး၊ ကိုအောင်ဌေးဦး(ခေတ္တ-ဖိလစ်ပိုင်)-မလင်းလင်းမွန်၊ ကိုဇေယျာဦး(ခေတ္တ-စင်ကာပူ)တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသွယ်(နတ်မောက်) အသက်(၈၇)နှစ်

ဦးတင်ဦး (လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)-ဒေါ်သီတာဌေး၊ ဦးသိန်းအောင်-ဒေါ်မြစိန်၊ ဦးဝင်းမြင့်-ဒေါ်ညွန့်ညွန့်ဝေတို့၏မိခင် ဒေါ်အေးသွယ်သည် ၂၂-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **သင်တန်းဆင်းသူငယ်ချင်းများ။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်မြင့် (ခ) Freddy Mg Mg
(စိန့်ပေါလ်ကျောင်းသားဟောင်း) B.E (Electrical Power)
(လှုပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်)
သီတဂူသာသနာပြုအဖွဲ့အမှုဆောင်လူကြီး(သီတဂူကျောင်းဒါယကာ)
(ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ခြံအမှတ် ၃၀ နေ (ဦးမောင်မောင်-ဒေါ်ဒေါ်ငြိမ်း)တို့၏တစ်ဦးတည်းသောသား၊ (ဦးအောင်ပွင့်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်ဖြူသီ၏ချစ်လှစွာသောခင်ပွန်း၊ မခင်စောယုအောင်-ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်-ကိုဝေလွင်၊ မအေးမို့မို့အောင်(တေးသံရှင်မို့မို့)တို့၏ဖခင်၊ မခင်ဇာဝေအောင်(Web Star University, Chiam-Thailand)၊ မစုနှင်းထွဋ်အောင်(Grade IX-D၊အထက-၂၊လသာ)၊ မယုဝေအောင်(Grade VIII-A၊ အထက-၂၊လသာ)၊ မောင်အောင်ကိုကို(Grade IV-F၊ YEIC)၊ မောင်အောင်ဘိုဘို(Primary II-H, ILBC)တို့၏အဘိုး ဦးအောင်မြင့်သည် အာရှတော်ဝင်ဆေးခန်း၌ ၂၂-၈-၂၀၀၄ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဦးအောင်မြင့် လှုပျံတော်ပတ္တမြားဆေးတိုက်၊ လမ်းမတော်မြို့နယ်မှ မွန်းလွဲ ၂း၃၀ နာရီတွင်လည်းကောင်း၊ ၃၃လမ်းလက်ဖက်ရည်ဆိုင် အပေါ်ဘလောက်မှ မွန်းလွဲ ၂း၄၅နာရီတွင်လည်းကောင်း၊ အထက်ပါနေအိမ်မှ ညနေ ၃ နာရီတွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်သူများအတွက် ကားစီစဉ်ထားပါသည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မြရီ (သုံးဆယ်)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၃၄၂၊ ဇေယျာလမ်းနေ (ဦးအုန်းဘူး-ဒေါ်ရွှေမြစ်)တို့၏သမီး၊ သုံးဆယ်မြို့၊ သရက်လေးပင်ရွာ (ကျောင်းအုပ်ဆရာကြီး ဦးဘကျော်)၏ဇနီး၊ မကွေးမြို့နေ ဦးမြသိန်း-ဒေါ်တင်ရွှေ၊ သုံးဆယ်မြို့နေ (ဦးမြမောင်-ဒေါ်တင်ဥ)၊ ရန်ကုန်မြို့နေ (ဦးမြသွင်-ဒေါ်သိန်းဟန်)၊ ဦးအေးကို-ဒေါ်အေးသန်း၊ ဒေါ်ရင်နုတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၆ ယောက်၊ တီ တစ်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ညွန့်တင် (မိုးညှင်းယောဂီ)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၁ လမ်း၊ အမှတ် ၇၇ နေ (ဦးအောင်ကြူး-ဒေါ်ကြီး)တို့၏သမီး၊ ဦးထွန်းတင်၏ဇနီး၊ ဦးအေးမြင့်-ဒေါ်မြင့်မြင့်ရွှေ(သိမ်ကြီးဈေး-အေရုံ)၊ ဦးနေဝင်း-ဒေါ်ရီ(သီရိမင်္ဂလာဈေး)၊ မလှလှဌေး(ခ)မငယ်(သိမ်ကြီးဈေး-အေရုံ)၊ကိုစိုးလွင်-မမြင့်မြင့်သန်း (တောင်တွင်းကြီး)၊ ကိုကျော်နိုင်(သိမ်ကြီးဈေး-အေရုံ)၊ မောင်စိုးလင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဌေး (မိုးကုတ်)
အသက်(၇၀)

မိုးကုတ်မြို့နေ(ဦးကံကြီး-ဒေါ်ထွန်း)တို့၏သား၊ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၀ လမ်း၊ အိမ်အမှတ် ၁၇၇(က)နေ (ဦးဘမော်-ဒေါ်အုန်းခင်)၊ (ဦးလှမောင်)-ဒေါ်ခင်မြိုင်၊ (ဒေါ်အုန်းကြည်)၊ ဦးကျော်ဇောတို့၏ ညီ/မောင်၊ သန်လျင်မြို့နေ ဦးဝင်းသိဏ်-ဒေါ်ကြည်ကြည်အေး၊ ရန်ကုန်မြို့နေ ဦးဌေးဝင်း-ဒေါ်လှလှဝေ၊ ဦးကျော်သူ-ဒေါ်သန်းသန်းအေး၊ ဒေါ်အေးအေးခိုင်၊ ဒေါ်အေးအေးလှိုင်၊ ကိုတင်အောင်ဝင်း၊ မခင်အုန်းမော်တို့၏ဦးလေး၊ မြေး ၁၀ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်မြင့် (မြင်းခြံ)
အသက်(၆၆)နှစ်

ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၉၊ အခန်း ၆ နေ (ဦးစွန်ပန်း)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်ဌေးဌေး၊ ဦးအောင်ကျော်-ဒေါ်စန်းစန်းဌေး၊ ဦးကျော်ဆွေ-ဒေါ်ဝါဝါတင်၊ ဦးသန်းထွန်း-ဒေါ်ဌေးဌေးမြင့်၊ ဦးမောင်ဦး-ဒေါ်ခင်ခင်မြင့်၊ ဦးသန်းစိုး-ဒေါ်ရီရီဝင်းတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်
အသက်(၇၆)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊(ဈ)ရပ်ကွက်၊ စက္ကဝတ် ၄ လမ်း၊ အမှတ် ၁၅၈(ခ)နေ (ဦးစောဟန်-ဒေါ်ငြိမ်းသွယ်)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်ငွေစိန်ဝ)တို့၏သမီးချွေးမ၊ ဦးဝေလွင်၏ဇနီး၊ ဦးသောင်းတင်-ဒေါ်တင်တင်ဝေ၊ ဦးခင်မောင်ဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးသက်လွင်၊ ဗိုလ်ကြီးထွန်းအောင်ကျော်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတတ်(ခ)ဦးထွန်းမြင့်
(စည်ပင်၊စက်ယာဉ်)(ပင်မဝင်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၃ လမ်း၊ အမှတ် ၃ နေ (ဦးဂေါ်ရာ-ဒေါ်လှမြင့်)တို့၏ ဒုတိယသား၊ ဦးစိုးမြင့်(ရွှေဝါထွန်းဟိုတယ်)-(ဒေါ်စန်းကြည်)တို့၏ညီ၊ (ဦးပြုံးချို)-ဒေါ်ညိုညိုမြင့်တို့၏အစ်ကို၊ ဦးအောင်မင်း(ရွှေဝါထွန်းဟိုတယ်)၊ ဦးအောင်ဝင်း၊ ဦးမောင်မောင်နိုင်-မသီသီမြင့်၊ မတင်တင်စိုး၊ မဝင်းဝင်းစိုး၊ မောင်ဝင်းထွန်းဦး၊ မဝင်းဝင်းချိုတို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၈-၂၀၀၄ရက်(စနေနေ့)တွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊တန်ဆောင်းဒါယကာကြီး
ဦးလှမောင် (ကျုံပျော်)
(တိပိဋကာ-နိကာယဂုဏ်ထူးဆောင်နာယက)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၄ လမ်း၊ အိမ်အမှတ် ၅၀ နေ (ဦးဆင့်-ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊ မြောင်းမြမြို့နေ (ဦးချစ်တီး-ဒေါ်ဖွားချစ်)တို့၏သားသမက်၊ (ဒေါ်လှစိန်)၏ခင်ပွန်း၊ (ဦးညွန့်မောင်)၊ (ဗိုလ်မှူးကြီးတင့်လွင်) - ဒေါ်အေးအေးသန်းတို့၏အစ်ကိုကြီး၊ ဦးကျော်စိန်(တိ-နံ၊ ရန်ကုန်ဌာန၊အကျိုးဆောင်အတွင်းရေးမှူး)၊ ဒေါ်အေးအေးသန့်၊ ဒေါ်မြကျင်သန်း(မင်္ဂလာဈေး)၊ ဒေါ်အေးအေးမူ၊ ကပ္ပတိန်ကျော်ဝင်း (Eastwind)-ဒေါက်တာသန်းအေး၊ ဦးလှထွေး(ဒုတိယအရာရှိ၊Eastwind)-ဒေါ်မာမာချိုတို့၏ဖခင်၊ မောင်ကောင်းသူထက်(ဆဋ္ဌမတန်း B၊ TTC)၊ မောင်ဇေယျာထက်ဝင်း(စတုတ္ထတန်း D၊ အထက-၁၊ ဒဂုံ)၊ မရွှေစင်ထက်(ပထမတန်း C၊ အထက-၁၊ ဒဂုံ)၊ မောင်ဝေဖြိုးသူ(ပထမတန်း L၊ TTC)တို့၏အဘိုးသည် ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၁၃၄လမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးခိုင် (ဒေးဒရဲမြို့) B.A, D.E.P
မန်နေဂျာ(ငြိမ်း)၊စီးပွား/ကူးသန်းဝန်ကြီးဌာန
အသက်(၆၅)နှစ်

ဒေးဒရဲမြို့၊ လမ်းမတော်လမ်းနေ(သမားတော်ကြီး ဦးရွှေဘ-ဒေါ်ဒေါ်ရှင်)တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးလှအောင်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၂၀၈-၂၁၂၊ အခန်း ၃၀၁၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊လှည်းတန်းလမ်းမနေ ဦးအုန်းလွင်(မြဝတီ၊ငြိမ်း)၏ဇနီး၊ မောင်ကောင်းမြတ်လှိုင် [B.Sc (Phy) Dip in YTU.(E.C)]၏မိခင်၊ (ဦးတင်မောင်-ဒေါ်အေးရင်)၊ (ဒေါ်အေးတင်)၊ (ဦးချစ်ခိုင်-ဒေါ်သိန်းကြည်)၊ (ဒေါ်အေးကြင်)၊ (ဦးမြင့်ရွှေ-ဒေါ်အုန်းခင်)၊ (ဦးလှအောင်)၊ (ဦးလှဆောင်)၊ ဦးလှသောင်း-ဒေါ်လှသန်း၊ (ဦးသိန်းအောင်)-ဒေါ်စိန်စိန်တို့၏ညီမ၊ ဒေါ်ဝင့်ဝင့်မော်၏အစ်မသည် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) နံနက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမြသန်း
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ် ၅၊ အင်္ဂပူလမ်းနေ (ဦးသန်းမောင်-ဒေါ်ဖွားမြ)တို့၏သားကြီး၊ ဒေါ်မမကြီး၊ ဒေါ်တင်တင်၊ ဦးလှဝင်း၊ ဒေါ်တင်တင်ဝင်းတို့၏အစ်ကိုကြီး၊ တူ တူမ လေးယောက်တို့၏ဘကြီးသည် ၂၃-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဝင်းကြည်(ခ)ဦးစိန်
(ဗိသုကာလက်သမား)ကင်မရာ(အထူး)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု ၂ လမ်း၊ အမှတ် ၁၁၂ နေ (ဦးကြည်-ဒေါ်နီထွေး)တို့၏သား၊ ကိုငွေသိန်း(ခေတ္တ-စင်ကာပူ)-(မစန်းစန်းဝင်း)၊ ကိုစိန်ထွန်း (အောင်စမ်းမြတ်ဘလောက်တိုက်)-မခင်မေကြည်၊(ကိုခင်ထွန်း၊ အောင်ဖြိုးဝေဘလောက်တိုက်)-မဌေးဌေးမာ၊ မခင်ဌေး(အမက-၂၃၊ သာကေတ)တို့၏ဖခင်ကြီး၊ကိုမောင်မောင်ထွန်း-မလဲ့လဲ့ခိုင်၊ မနှင်းယဉ်လှိုင်၊ မနန္ဒာအောင်၊ မသန္တာလင်း၊ မစန္ဒာလင်း၊ မမေသန္တာထွန်း၊မောင်သီဟထွန်း၊မောင်မြတ်သူထွန်း၊မသန္တာအောင်၊မောင်သက်ထွန်းအေး၊ မနှင်းလွင်မိုးတို့၏အဘိုး၊ မောင်ကျော်စည်သူဝင်း၏အဘိုး၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၀၄ရက်ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊တန်ဆောင်း၊ နတ်လမ်း၊မုခ်ဦးဒါယိကာမကြီး
ဒေါ်အေးလှိုင် (ပိန်းကန်)
(ကြည်ရတနာရွှေဆိုင်၊ တာမွေဈေး)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက် ၂၃၊ အခန်း ၄ နေ(ဦးစံငြိမ်း-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ (ဦးထွန်းကြည်)၏ဇနီး၊ (ဦးကြည်ရွှေ)-ဒေါ်စန်းမြင့်၊ ဦးအောင်မင်း-ဒေါ်မြတင့်(အောင်ဗီဒီယို)၊ ဦးတင်ဝင်း-ဒေါ်တင်တင်ဌေး(နေဝန်းနီ ပရိဘောဂ)၊ ဦးအေးလွင်-ဒေါ်ကြည်ကြည်ခင်(ကညန တိုင်းရုံး၊ငွေစာရင်း)၊ကိုအောင်တင့်၊ကိုကျော်မိုးတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်နိုင်မြင့်(ခ)ကိုပါကြီး
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊အင်းဝလမ်း၊ အမှတ် ၂၀ နေ (ဦးတင်မြင့်-ဒေါ်တင်ဥ)တို့၏သား၊ဦးသစ်-ဒေါ်မြ(ဝိုင်းချစ်စာပန်းခင်း)တို့၏တူသမက်၊(ဦးသန်းနွဲ့)-ဒေါ်ခင်ရွှေတို့၏တူ၊ ဦးဘဏ်ထွန်း (ကမ်းနားဟိုတယ်၊ငြိမ်း)-(ဒေါ်ခင်အေးမြင့်)တို့၏မောင်၊ဒေါ်သန်းကြည်(ခ)မဖြူ(ကမ်းနားဟိုတယ်၊ ငြိမ်း)၏ခင်ပွန်း၊ (ကိုလင်းနန္ဒာအောင်)၊ ကိုဇေယျာဝင်း-မသဲဖြူအောင်တို့၏ဖခင်၊ ကိုကိုမောင်-မသဇင်၊ မမြတ်စန္ဒာထွန်း(MFTB)၊ ကိုအောင်သူ-မအိအိထွန်းတို့၏ဦးလေး၊ မမေဘရဏီကျော်(ခ)ဖူးဖူး၏အဘိုး ဦးအောင်နိုင်မြင့်(ခ)ကိုပါကြီး(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ စည်းရုံးရေးမှူး)သည် ၂၃-၈-၂၀၀၄ရက် ည ၉း၂၅နာရီတွင် ကန်သာယာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U Pamang (Ma Tu Pi)
လူမှု(၃)၊(လူမှုဝန်ထမ်းအတတ်သင်ကျောင်း)
လူမှုဝန်ထမ်းဦးစီးဌာန
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊လူမှုဝန်ထမ်းတိုက်အမှတ် ၁၁ နေ ဦးထီယား-(ဒေါ်ရှီယုမ်း)တို့၏သားကြီး၊ဒေါ်ရီ(ခ)ဒေါ်နာရှန်း၏ခင်ပွန်း၊ ဒေါ်ဇောလ်သဲ၏မောင်၊ ဦးမောင်ထန်း၊ ဦးမောင်သန်းတို့၏အစ်ကိုကြီး၊မန်းကျော်နိုင်ဦး (Final Year, History)၊ မိုင်ခင်လေးရီ(B.Sc, Zoo၊ မသန်စွမ်းသက်ငယ်သင် သင်တန်းကျောင်း)၊ မိုင်ခင်မာရီ(Final Year, Law၊ လူမှုဝန်ထမ်းရုံးချုပ်)၊ မန်းကျော်နိုင်ထွေး (ဒသမတန်း၊ အထက-၁၊ မရမ်းကုန်း)တို့၏ဖခင်သည် ၂၁-၈-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ချင်းနှစ်ခြင်းခရစ်ယာန် အသင်းတော် အမှတ် ၁၂၅၊ ဗားဂရာလမ်း၊ရန်ကုန်မြို့၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများနံနက် ၉း၃၀ နာရီတွင် ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းစိုး
အလပြ(ငြိမ်း)အထက(၂)စမ်းချောင်း
အသက်(၃၉)နှစ်

စမ်းချောင်းမြို့နယ်၊ အမှတ် ၆၂၊ ဂန္ဓမာလမ်း၊ မုန့်/တောင်ရပ်ကွက်နေ (ဦးမြမောင် - ဒေါ်အမာ)တို့၏မြေး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အနောက်ရပ်၊ ကြိတ်တန်းလမ်း၊ အမှတ် ၉ နေ (ဦးကုလားလေး-ဒေါ်ခင်သန်း)၊ ဦးအောင်သန်း-ဒေါ်ရင်မေ၊ (ဦးမောင်လွင်)-ဒေါ်ခင်ဝေ၊ ဦးမြင့်အုန်း-ဒေါ်တင်တင်လှ၊ ဦးမြင့်ဆွေ - ဒေါ်တရုတ်မတို့၏တူမ၊ (ဦးမျိုးမြင့်)-ဒေါ်ခင်မြတို့၏သမီး၊ (ဒေါ်သန်းသန်းအေး)၏ညီမ၊ မသက်သက်မာ (မြန်မာ့ထီးစက်ရုံ၊ စက်မှု-၁)၊ မနီနီမာ (ထွေထိန်း၊ စက်မှု-၁၊ လုပ်ငန်းရုံးချုပ်)တို့၏အစ်မသည် ၂၃-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဝိဇ္ဇာဒီပ(ခ)
ဦးဝင်းဆင့်(ခ)အငယ်လေး
သက်တော်(၅၁)နှစ်၊သိက္ခာတော်(၁၁)ဝါ

ရန်ကုန်မြို့၊ အမှတ် ၂၂၂၊ ကျားကွက်သစ်ရပ်ကွက်၊ကျောက်မြောင်း၊ ကျိုက္ကဆံလမ်းနေ (ဦးကောင်း-ဒေါ်တင်တင်)တို့၏သား၊ (ဦးလှမောင်)၊ (ဒေါ်ဌေးသိန်း)၊ ဒေါ်စိန်သောင်း၊ ဦးဝင်းမြင့်တို့၏ ညီ/မောင်၊ ဒေါ်ချိုအေး၊ ဦးမျိုးချစ်၊ ဒေါ်စန်းထွေး၊ ဒေါ်ထွေးထွေးမာတို့၏အစ်ကို၊တူ တူမ ကိုးယောက်တို့၏ဦးလေးသည် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မွေးမြ (ဖီးရှမ်းကုန်း)
အသက်(၉၄)နှစ်

(ဦးစောဟဲခို-နော်ပန်းမေ)တို့၏သမီးကြီး၊ (ဦးစောဝေလီ)၏ဇနီး၊ ဒေါ်နော်ဂဲလေ-ဦးစောရေမွန်၊ (ဦးစောသတော-ဒေါ်ဂျီးန်ဘဲလေ)၊ ဦးစောရိုးသ-(ဒေါ်ရှိစ်ဒေးဗစ်)တို့၏မိခင်၊နော်အမီးလယာ-စောအောင်ကျော်ဆန်း၊ နော်ဆဲဂေး-(စောသန့်ဇင်)၊ နော်ရီးယာ၊ နော်ခရစ်စတာ-စောအောင်ကိုထွေး၊ နော်ရှသ်၊ စောထူးလွယ်-နော်လယ်ဝါး၊ နော်တာမလာဖော-(စောလှဝင်းစိန်)၊စောထူးမူ-မခင်လဲ့လဲ့ဝင်း၊ နော်ထူးဖော-စောလှအောင်၊ စောထူးပွယ်-နော်အန်ဂျလင်း၊ စောသမု၊နော်ဟေဘလု၊စောထူးထူးဘောတို့၏အဘွား၊ မြစ် ၁၅ ယောက်တို့၏ဘွားဘွားကြီးသည် ၅၂(င) တောင်သုကုန်းလမ်း အင်းစိန်နေအိမ်၌ ၂၃-၈-၂၀၀၄ရက်(တနင်္လာနေ့)တွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရွာမနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးလှမောင် (ကျိုက်လတ်မြို့)
အသက်(၉၂)နှစ်

(ဦးမဲ့-ဒေါ်နှင်းမယ်)တို့၏သားကြီး၊ (ဦးစိမ်းမောင် - ဒေါ်သန်းညွန့်)တို့၏သားသမက်၊(ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဒေါ်တင်တင်လှ၊ (ဦးသိန်းထွန်း)-ဒေါ်တင်တင်မြ၊ ဦးလှမင်း-ဒေါ်ခင်လှကြည် (PMG. Co.)၊(ဦးကျော်မြင့်)-ဒေါ်ဖြူဖြူ၊ ဦးတင်မောင်ထွန်း(Geo.BCS Co.)-ဒေါ်စုစုမွန်(Panthu Geological Service)၊ ဦးတင်မောင်ထွဋ်-ဒေါ်တူးတူးတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ (ဦးထင်ကျော်-ဒေါ်စဝ်ဘိုခမ်း)၊ (ဦးလွန်းတင်-ဒေါ်နုနု)၊ ဦးသန်းလှိုင်-ဒေါ်ခင်မြင့်မြင့်၊ (ဦးဝင်းဖေ)-ဒေါ်ခင်ညိုညို၊ ဦးအောင်မြင့် - ဒေါ်ဝင်းကြည်တို့၏အစ်ကိုကြီးသည် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့) နေ့လည်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်လတ်မြို့ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးလှချစ်(ခ)ဦးအေး
(ကျိုက်လတ်-ကျုံမင့်)
အကောက်ခွန်(ငြိမ်း)
အသက်(၈၁)နှစ်

ကျိုက်လတ်မြို့နယ်၊ကျုံမင့်ရွာ (ဦးရာပေါ်-ဒေါ်ဖွား)တို့၏သား၊ ရန်ကုန်မြို့၊ ၄၂လမ်း၊ အမှတ် ၁၃၀(ပထမထပ်)နေ ဒေါ်အေးရီ၏ခင်ပွန်း၊ ဦးတင်မောင်ဝင်း(အကောက်ခွန်)-ဒေါ်စီစီမြင့်၊မခင်ခင်စု၊ မအေးအေးကြိုင်တို့၏ဖခင်၊ မခိုင်လဲ့ဝင်း၊ မောင်ရဲထက်ဝင်း၊ မောင်စည်သူဝင်းတို့၏အဘိုးသည် ၂၃-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်းအေး (ကကချေ၊ငြိမ်း)
အသက်(၆၉)နှစ်

အမှတ် ၇၆၊ ပတ္တမြားလမ်း၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ(ဦးထွန်းရှိန်-ဒေါ်သန်း)တို့၏သမီး၊ မြန်အောင်မြို့နယ်၊ ရွှေကျင်ကျေးရွာနေ (ဦးဖိုးစော-ဒေါ်မယ်ကျင်)တို့၏သမီးချွေးမ၊ (ဦးစိုးမြင့်)၏ညီမ၊ ဦးသန့်ဇင်၊ ဒေါ်ခင်ခင်သန်းတို့၏အစ်မကြီး၊ ဦးတင်မြင့်(ကကချေ၊ငြိမ်း)၏ဇနီး၊ မစမ်းစမ်းဝင်း (ဂျာမန် ညှော့လမ်းညွှန်)၊ မသင်းသင်းနွယ် (Lin&Sons Co., Ltd.)၊ ကိုမျိုးသူ(ကကချေ)၊ မအေးအေးချိုတို့၏မိခင်ကြီးသည် ၂၁-၈-၂၀၀၄ရက် (စနေနေ့)ည ၇ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tsingda Daring Bio-technologies Groupမှ Chief Executive Officer, Mr.Deng Chongyunနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ Mr. Yu Boren လည်း တက်ရောက်သည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ပျော့ဖတ်စက်ရုံစီမံကိန်း၊ ရေအားလျှပ်စစ်စီမံကိန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များ စမ်းသပ်တီထွင်သုံးစွဲခဲ့ရာအောင်မြင်နေ

ခရီးသည်တင်နှင့်ကုန်တင်ကားများကိုသဘာဝဓာတ်ငွေ့သုံးကားများအဖြစ်တိုးချဲ့ပြောင်းလဲ

စက်မှုလုပ်ငန်းရှင်များကလည်း ဓာတ်ငွေ့သုံးအင်ဂျင်အဖြစ်ပြောင်းလဲသုံးစွဲနိုင်ရန်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ချိုးခြိုးချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးရေချိန် အခြေအနေ

၂၄-၈-၂၀၀၄

ကမ္ဘာအေး

○ ဒသမ ၀၄ လက်မ

ရန်ကုန်မြို့လယ်

○ ဒသမ ၄၈ လက်မ

စက်သုံးဆီ ခြိုးခြံချွေတာရေး

- ✻ ကားတစ်စီး တစ်လစက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေတစ်ဒေါ်လာ သက်သာမည်။
- ✻ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅.၅ သန်း သက်သာမည်။
- ✻ ထိုငွေဖြင့် ရေဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။